ကထိန်သင်္ကန်းလျှူပုံလျှူနည်း၊ကထိန်ခင်းပုံခင်းနည်း
စသည်နှင့်တကွကထိန်အကျိုးကြီးပုံပြဆိုရာ

ဓိဋ္ဌပြတ်ငကျေးဇူးကျမ်း

အရှင်ကေလာသ

ဓမ္မာစရိယ၊ဂဏဝါစက

B.A ,HONS ဝိဇ္ဇာဂုဏ်ထူး(သီရိလင်္ကာ)

မြို့စဉ်ရေးသားသည်။


ကထိန်သင်္ကန်းလှူပုံလှူနည်း

ကထိန်ခြီးပုံခင်းနည်း

စသည်နှင့်တကွ

ကထိန်အကျိုးကြီးပုံကို ပြဆိုရာ

ကထိန်မြတ်ဓကျွေးဇွန်းကျမ်း



အရှင်ဓမ္မာလင်္ကာ

ဓမ္မာစရိယ၊ ဂဏ္ဌဝါစက

B. A. Hons. ဝိဇ္ဇာဂုဏ်ထူး(သီရိလင်္ကာ)

ပြုစုရေးသားသည်

သာသနာ-၂၅၂၃ ခုနှစ် ခရစ်-၁၉၆၉

(၁၈၅၆ - ၁၉၃၄)

ကထိန်မြတ်ကျေးဇူးကျမဲ

ကျင်းဦးမြတ်ပွယ်

ကထိန်နှင့်စပ်သိမှတ်ဖွယ်တော့။ ။ကျွန်ုကထိန်မြတ်ကျေးဇူးကျမ်းဥ်
ကထိန်နှင့်စပ် သိမှတ်ဖွယ်တော့
များစွာ စုံလင်သည်၊ ကထိန်ခံ, လထိန်ခင်းသူ, ကထိန်လွှဒါန်း
သူတို့ သိရှိ မှတ်သားရမည့် ဗဟုသုတများစွာပါရှိသည်။

ကထိန်မည်ကြောင်း။ ။ဘုနာမန္တ် ဂသည်းစားပြား အာကျိုး
အာနိသင် ငါပါးကို တခြား မထုတ်
ရ ဆတွင်း ကျစအောင် သိမဋ္ဌက ဘဲယာဒေးဟုင်းမှာ ထား
ခြင်းငှာ စွမ်းနိုင်သည် ဖြစ်၍ ကျောက်စာဟိုင်ဟန် မြဲမြံ
ခိုင်ခံ့ တည်တံ့စသော အနက်သဘောကြောင့် ကထိန်မည်သည်
ဟုသိထာ၏။

တစ်နည်း ကထိန်မည်ကြောင်း။ ။မျိုးမာဇဖွယ် တင့်တယ်
ခိုင်ဖြည်း သစ်ပင်ကြီး
ထမျှ ခိုင်ခံ့ လှသော အနက် သဘောရှိသည် ဖြစ်ရကား
ကထိန်မည်ကြောင်းလည်း ဖွင့်ဆိုတော်မူကြသည်။

၁။ ဝင်္ဂ၊ ၄၈၈။ သာရတ္ထ၊ ၃။ ခုဒ္ဒ ဝိဓာဂ၊ ၂၊ ၁၉၃။
၂။ ဝိနယာလင်္ကာရ၊ ဋီ၊ ၂၊ ၉၂။

တစ်နည်း ကထိန်မည်ခြင်း။ ။ဘုရားမြတ်စွာနှင့်ပဓေ့ကပုဒ္ဓါသာဝက အပေါင်းတို့ နှစ်ထောင်းကာရမ်း ချီးမွမ်းအပ်သော အနုက်သဘော ကြောင့်လည်း ကထိန်မည်ခြင်း၊ ဖွင့်ဆိုတော် မူကြသေးသည်။ ၁

အင်္ကျီစုံလင်မှ ကထိန်ခံထိုက်။ ။ကထိန်ခံသော ရဟန်းမှာ အင်္ကျီရှစ်ပြား စုံလင်ရမည်၊ ယင်း အင်္ကျီရှစ်ပါးနှင့် မြည့်စုံမှ ကထိန်ခံထိုက်သည်၊ ယင်း အင်္ကျီရှစ်ပါးကား ၁။ ပုဇွန်ရက်ကိုသိခြင်း၊ ၂။ ပစ္စုဒ္ဓိရ်ကိုသိခြင်း၊ ၃။ အဓိဋ္ဌာန်ကိုသိခြင်း၊ ၄။ ကထိန်ခင်းပုံ အထွာရကိုသိခြင်း၊ ၅။ မာတိကာကိုသိခြင်း၊ ၆။ မလိဒေါဝကိုသိခြင်း၊ ၇။ ကထိန်နုတ်ပုံ ညွှတ်ရကိုသိခြင်း၊ ၈။ အာနိသင်ကိုသိခြင်းအားဖြင့် ရှစ်ပါး ဖြစ်သည်။

ထိုတွင် ဖွပ်ခြင်း, ပိုမှင်ခြင်း, ဖြတ်ခြင်း, ခြမြောင်းတို့ ခြမြောင်းရှည်ဖဲ့ခြင်း, ချုပ်ခြင်း, ဆိုးခြင်း, ကပ္ပဗိန္ဒုထိုးခြင်း ဤခုနစ်ပါးသည် ပုဇွန်ရက်မည်၏၊ အဓိဋ္ဌာန် ဝင်အပ်ပြီး သက်နှံးကို အဓိဋ္ဌာန်ချခြင်းသည် ပစ္စုဒ္ဓိရ်မည်၏၊ ကထိန် သက်နှံးကို အဓိဋ္ဌာန်တင်ခြင်းသည် အဓိဋ္ဌာန်မည်၏၊ ကထိန်

၁။ ဒိ။ ဋ္ဌ။ ၃၀၇။

ခင်းခြင်းသည် အကာရမည်၏၊ မာတိကာ ရှစ်ပါးသည် မာတိကာမည်၏၊ အာဝါသပလိဘောဓ, စိဝရပလိဘောဓနှစ်ပါးသည် ပလိဘောဓမည်၏၊ ပက္ကမနန္တိက စသောမာတိကာရှစ်ပါးသည် ဥဒ္ဒါဒရမည်၏၊ အနာပန္နစာရ စသော အကျိုးငါးပါးသည် အာနိသင်မည်၏၊ ဤဂုဏ်ရှစ်ပါးသိမှ ကထိန်ခံထိုက်သည်။

စာတုဒ္ဒိသ သံဃိက ကထိန်သက်နှံးမှ ကထိန်မြောက်

"ဤမံ ကထိန စီဝရံ သံဃဿ ဒေမ" ဟု သံဃိက မြောက် ဆောင် လှူမှသာ ကထိန်ခင်းထိုက်သည်၊ သံဃိက ယူထားမှာ ဆောဂထာနာဂတ စာတုဒ္ဒိသ သံဃိကကိုသာ ယူရမည်၊ ဤစာတုဒ္ဒိသသံဃိက ကထိန်သက်နှံးမှာသာကထိန်သက်နှံးမြောက် ထိုက်၏၊ ဤစာတုဒ္ဒိသ သံဃိကဆိုပြင် အာထုပိက သံဃိက သမ္မုခီဘူတသံဃိက ၃ ၍ မရှိပြီး ၁

ကထိန်ဒကာများ လွန်ဌာဒးကျိုးကြီး။ ။ကထိန်သက်နှံးနှင့် ဆိုင်သော သံဃာတော်များမှာ ဘုထား သာသနာတော်တွင်းသို့ ထောက်ပြီး ထောက်ဆဲ ထောက်လတ္တံ့ သံဃာတော်များဖြစ်၍ ယင်း သံဃာများတွင် ပရုမတ္ထ သံဃာတော်များလည်း ပါဝင်သည်

၁။ ဆကျယ် ရေးကြိုမှကဲ့၊ သျ။ ၂၊ ၂ ၆-ကြည့်။

ကထိန်မြတ်ကျေးဇူး (ခ)

ဖြစ်၍ ကထိန် အလှူသည် အလွန် ထူးမြတ်သည်၊ သို့ဖြစ်၍ ကထိန် ဒကာ ဒကာမများ မန္ဒိုင်းယှဉ်နိုင်သော အကျိုးကို ရနိုင်လေသည်၊ ဘုရားရှင်က ကောင်းကျိုးအလို ရှိကြထည် ဖြစ်၍ ဥပဓိ အကျိုးရှိသော ကောင်းမှုပြုသူ, ပူဇော်ကြဆူ လူပုဂ္ဂိုလ် သတ္တဝါများ၏ ပရမတ္ထ သံဃာတော်၌ လှူဖွါန်း ပူဇော်အပ်သော အလှူသည် အကျိုးများလှ၏ဟု ဟောတော်မူသည်း ၁

ဂင်းပြင် အဂိယာ ရွှစ်ဖော် သံဃာတော်သည် ကောင်းမှုကိုလိုလား၍ လှူဒါန်းပူဇော်ကြသူများ၏ကောင်းမှုဖြစ်ကြောင်း အဓိကောင်းဆုံး အမြတ်ဆုံးဖြစ်ကြောင်း "သံဃော ဝေ ယုဇ္ဇတံ မုခံ" ဟု ဟောတော်မူသည်း ၂

မမှန်းဆ မရေတွက်နိုင်။ ။သမုဒ္ဒရာထဲမှ ရေကို ချင်တွယ် မှန်းဆ၍ ရလျှင် ရကောင်းပါ လိမ့်မည်၊ စေတနာ ၃-တန် ဟန်ချက်ညီကာ ကထိန်သင်္ကန်း လှူသော ဆရာရှင်၏ ကုသိုလ် ကောင်းမှုကိုကား ဘယ်နှယ်မှ ရေတွက် တိုင်းထာ မှန်းဆ၍ မရနိုင်ပါခြေ။

၁။ ယဇမာနာနံ မနုဿာနံ၊ ပုညပေက္ခာန ပါဏိနံ၊
ကရောတံ ဩပမိကံ ပုညံ၊ သံဃေ ဒိန္နံ မဟပ္ဖလံ။ သံ၊ ၁၊ ၂၃၅။
၂။ မ၊ ၂၊ ၃၅၃။ သုတ္တနိ၊ ၁၇၀။

ကထိန်မြတ်ကျေးဇူးကျမ်း ရေးသားခြင်း

မကြာမီက ပခုံကြူမြို့ ရွှေကူ
အရှေ့ရပ်မှ သံဃာသနာ့မိခင်
ဒကာမကြီး ဒေါ်သန်းကြည်
နှင့် သမီး ပခုံကြူမြို့ အ-ထ-က ၂-ဆရာမ မခင်ဝင်းတို့ ရောက်
လာ၍ လာမည့် ၁၃၅၂-ခုနှစ် ဝါကျွတ်လျှင် ပန်းစဉ်တိုက်မှာ
ကထိန်အလှူခံတော် ပြုလုပ်မှာ ဖြစ်သည့်အတွက် ယင်းကထိန်
ပွဲတွင် ဓမ္မဒါနပြုရန် ကထိန်မြတ်ကျေးဇူးကျမ်းငယ် တစ်စောင်
ရေးသားချီးမြှင့်ပါရန် လျှောက်ထားကြသည်၊ သို့နှင့် မိမိသည်
၁၃၁၁-ခုနှစ် တပေါင်းလပြည့်ကျော် ၁၄-ရက်နေ့ ညနေပိုင်း
မှစ၍ ဇာတကပါဠိ, မဟာနိဒ္ဒေသပါဠိ ကျမ်းကြီးများ ချပို်ခြင်း
ဂန္ဓဓုရကိစ္စအကြားတွင် စတင်ရေးသားပြုစုရာ ၁၃၁၁-ခုနှစ်
တန်ခူးလဆန်း ၅-ရက်နေ့ ညနေ ၃-နာရီ ၁၅-မိနစ်အချိန်တွင်
စအာင်လံစိုက်ဆောက် ပြီးမြောက်ပါသည်။

ဖတ်ရှုထေ့လာကထိန်မြောက်အောင် ဤ ကထိန်မြတ်ကျေးဇူး ကြိုးပမ်းကြပါ

ကျမ်းကို ဆေချစဉ်
ဖတ်ရှုမှု ရဟန်းတော်
များကလည်း ကထိန်ခံထိုက်သော အင်္ဂါ စုံလင်ဆောင် ကြိုး
ပမ်း၍ ဒါယကာများကလည်း အာဂန္တာနာဂတ စာတုဒ္ဒိသ

ကျမ်းဦးမှတ်ပုံတင်

သံဃိက ကထိန်သင်္ကန်းပြုစ်ဓနာဂင် လူဒါန်းနိုင်ကြွေးနှစ်ဦးနှစ်ဝ
ကြီးကျယ်သောအကျိုးများ ရကြပါစေဟုဆန္ဒပြုရင်း ကျမ်းဦး
မှတ်ပုံတင်ကို လက်စသတ်လိုက်ပါပြီ။

ဝိဒ္ဒမြတ်စွာ သာသနာ ရောင်ဝါဒနသို့ ထွန်းစေသော်။

အရှင်ကေလာသ
ဓမ္မဒူတရိယ, ဂဏာဒါစရိယ ဘီ-ဇေ(ဂုဏ်ထူး)
သာသနဓဇဝံတိပါလဓဇျောင်း
မဟာဒီသုံဘာဂုမတိုက်
ပခုက္ကူမြို့။

၁၃၅၀-ခု၊ တန်ခူးသဆန်း ၆-ရက်။

ပဌာန်း

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	ရတနာတ္တယ ပကာသန, အာဘိယာစက ပဋိညာဉ်	၁
၂။	ကထိန်ဟူသည်	၃
၃။	ရွေးဘုရားရှင်အား လုံးတို့ ခွင့်ပြုခဲ့	၄
၄။	ပဒုမပြတ်စဉ်ဘုရား ကထိန်ခွင့်ပြုတော်မူခြင်း	၅
၅။	ပဒုမဘုရားလက်ထက် ကထိန်ပဲ့	၆
၆။	ကထိန်တရားဟာ ကထိန်ခွင့်ပြုတော်မူခြင်း	၇
၇။	ပဒုမုတ္တရာပြတ်စဉ်ဘုရား ကထိန်ခွင့်ပြု	၉
၈။	သုဓမ္မာပြတ်စဉ်ဘုရားလက်ထက် ကထိန်ခွင့်ပြုခြင်း	၁၀
၉။	ဣသိဘုရားလက်ထက် ကထိန်ခွင့်ပြုတော်မူခြင်း	၁၂
၁၀။	ကထိန်ခင်းရာဇာခါ	၁၄
၁၁။	ကထိန်သဏ္ဌာန်	၁၅
၁၂။	ကထိန်ခင်းနိုင်ငံသော သဏ္ဌာန်	၁၈
၁၃။	ကထိန်မခင်းကောင်းသော သဏ္ဌာန်	၁၉
၁၄။	ကထိန်ခင်းဆင့်သော သဏ္ဌာန်	၂၀

[ညွှ] မာတိကာ

စဉ် ဘကြောင်းဘစာ စာမျက်နှာ

၁၅။ ကထိန်ခင်းရန်အပ်သောသက်နှံး ၂၁

၁၆။ မေးလျှောက်ပြောဆိုကောင်း၊ ညွှန်ကြားကောင်း၊ ၂၁

၁၇။ ကထိန်မြောက်ဘောင် လှူဒါန်းနည်း ၂၂

၁၈။ သံဃာပါမှ ကမ္မဝါစာနှင့်ကိုက်ညီ ၂၅

၁၉။ ကထိန်ဆက်နှံး သုံးသိကဖြစ်ပုံ ၂၆

၂၀။ ကထိန်ဆက်နှံး၏ အခြံအရံများ ၃၀

၂၁။ သံဃာဟုဆိုသော်လည်း အာဂတာနာဂတ
စာတုဒ္ဒိသ သံဃာကိုယူရ ၃၁

၂၂။ ဒါနဝတ္ထု အလှူခံသော နေရာ၌ အာဂတာနာဂတ
စာတုဒ္ဒိသ သံဃာကိုယူရ ၃၁

၂၃။ အာရာမိက, သံသိက စသည် ၃၂

၂၄။ ကထိန်သက်နှံး အလှူခံထိုက်စသောအင်္ဂါ ၃၃

၂၅။ အနည်းဆုံး သုံးသာငါးပါးရှိမှ ကထိန်ခင်းဖြစ် ၃၄

၂၆။ ကိစ္စရှစ်ပါး ၃၅

၂၇။ ပြုပုံအစီအရင် ၃၆

၂၈။ ကျောင်းတိုက်အတွင်း ခင်းနိုင် ၃၉

၂၉။ ကထိန်အာနိသင် ငါးပါး ၃၉

၃၀။ နှစ်ဦးနှစ်ဝ အကျိုးရ ၄၂

စဉ်	အကြောင်းအရာ	စာမျက်နှာ
၃၁။	ဒက္ခိဏာ ဝိဘင်္သုတ် အဆိုဖြာမြှက်	၄၃
၃၂။	ကထိန်ဒါယကာများ ရနိုင်သောအကျိုးများ	၄၃
၃၃။	သင်္ကန်းလွှရကျိုး	၄၆
၃၄။	အမျိုးသားများ ဟိဘိက္ခုဖြစ်ခါခံ ကျွတ်တန်းဝင် ဖြမျိုးသမီးများမဟာလွှတာ ထန်ဆာ့ဝတ်ဆင်ပြီး မင်္ဂိုလ်ရခြင်းဖကျိုး	၄၇
၃၅။	သင်္ကန်းဆွဲ အကျိုးပြလင်္ကာ	၄၉
၃၆။	ရွှေအဆင်းကဲ့သို့သော လှပသူဖြစ်၍ နိဗ္ဗာန်ဝင်	၅၀
၃၇။	ရွှေတုံဆင်းအလှူနှင်အမင်းချောမော လှပကြောင်း, ဆဝတ်အထည်ပေါများကြောင်း	၅၁
၃၈။	ဥမ္မာဒန္တီ ပဘာဝတီနှင့် ထက်ရပ်ဌာနှိက နတ်သမီးများလို ဖာဆင်းလှပနိုင်ခြင်း	၅၂
၃၉။	ကထိန်အနုမောဒနာ ပန်ကြားလှာ	၅၃
၄၀။	ကထိန်ဖြစ်အရင် လျှောက်ထားလှာ	၅၄
၄၁။	အနုမောဒနာ တိုက်တွန်းလှာ	၆၂
၄၂။	ကထိန်လျှာသင်္ကန်း သံဃိကလှ, ပင့်သံဃာများ ပုဂ္ဂလိကလှ	၆၄
၄၃။	ကထိန်ရေစကဲ့ပြောင်	၆၅

စဉ်	အကြောင်းအရာ	စာမျက်နှာ
၄၄။	ကထိန်ရေစက်ချ ဖေးနက်	၆၆
၄၅။	ကထိန်မြတ်ကျေးငှားကျမ်း အပြီးသတ်ခြင်း	၇၀
၄၆။	ကထိန်မြတ်ကျေးငှားကျမ်းနိဂုံးသံဓပါက်ကဗျာ	၇၁
၄၇။	အရှင်ကေလာသဆပြုစုသော ကျမ်းစာများ	၇၄

ကထိန်ဖြာကျေးဇူး

နုဒမာ တသေ ဘဂဝန္တာ ဒါရဟန္တာ သမ္မာသမ္ဗုဒ္ဓါဿ။

ရတနာတ္တယပဏာမ, အာဘိယာစက ပဋိညာဉ်

သုံးဆယ်နှစ်ဖြာ, မဟာပုရိသ, ဝိဘိတ္တလက္ခဏာ, တစ်ဖြာတင့်တယ်, လွန်ဆန်းကြယ်သား, ရှစ်ဆယ်မှတ်ရှိ, အနုဗျည်နှံ့, ဗျာမပပ္ဘာ, ရောင်တော်ဖြာခဝ, ကောတုမာလာ, ဆုံဝါအလျှံ, တန်ဆာဆင်ထ, မြင်းကာပဏ်ကိုယ်, ကြည်ညိုဖွယ်ရာ, ဆန်းကြယ်စွာထ, ကာယရှိလစ်, သမ္ဗာလေးဂ, သိထာလေးဉာဏ်, ဉာဏ်ပဋိသံ, သေးဘဒ်နှဘီသိ, ကုန်ဒိယ, အာသယနှင့်, ယနုဂမဟာ, ကရုဏာသည့်, တစ်ဖြာသဗ္ဗဉ်, ထိုဖြင်ဆစ်ဝ, အနာဝရဏာ, စုဒ္ဓသမ္မန်, ပဒ္ဒဘာဏ်နှင့်, ကောင်ကိုလှို, ပြည့်စုံတော်မူ, သမ္ဗညူကို, ကြည့်ဖြူသဒ္ဓါ, ရှိခိုးပါ၏ တစ်ဖြာထိုဖြင့်, အယ်အင်ဓမ္မ, အုပ်ကဋိဂျိုး, ရှိခိုးပူဇော်, ရှစ်ဖဝဲအရိယာ, မြတ်သံယာကို, ကြည့်ဆွယဒ္ဓါ, ရှိခိုးပါ၏ တစ်ဖြာ ထိုနောင်, ပြိုးပြောင်သဒ္ဓါ, ထိန်လက်စွာသည့်, ဥပါသိကာ, သဒ္ဓါပြည့်သျှမ်း, ဒေါသန်းကြည်နှင့်, ဂုဏ်ရည်ပွားဗီး, သဒ်းရဘနာ, သညာထင်လင်း, ဒေါခင်ဝင်းတို့, ငယ်စင်းခကာဒရှဉ်, ပူဇော်ညွှတ်ပျော်း, တောင်းပန်ရကား,

ထူးလှုကာသိန်, ကထိန်ကျေးဇူး, ကျမ်းအာထူးကို, ကြည်နူး လှစွာ, စေတနာဖြင့်, လျင်စွာမနေး, ရေးစီရင်မည်, ကြည် လင်ရှင်ပျ, ဖတ်ကြစေသတည်း။

[မိမိသည် ပခုက္ကူမြို ရွှေကူအာရှေ့အရပ်နေ ပန်းစွာ လမ်း ကထိန်ဒါယကာမကြီးဒေါသန်းကြည်နှင့် သမီး အထက်တန်းပြ ဆရာမ မခင်ဝင်းတို့ သျှောက်ထား ငောင်းပန်သဖြင့် ကထိန်မြတ်ကျေးဇူးကျမ်းကို ပြုစီရင် မည်ပြစ်ထု အန္တရာယ်ကင်းပျောက် ကျမ်းပြီးမြောက် ခြင်းကိုအလိုရှိပါသဖြင့် "သုံးဆယ့်နှစ်ဖြာ, မဟာပုရိသ ဝိဘိုဘြလက္ခဏာ" အစချီသောကမ္ပီဒ်လင်္ကာဖြင့် ရတနာ သုံးပါးကို ရှိခေသမြတ်နိုး ရှိခိုး ဦးချပါသည်၊ မိမိသည် လွန်စွာ ဆန်းကြယ်သောလက္ခဏာကြီးသုံးဆယ့်နှစ်ပါး နှင့်လည်းပြည့်စုံ, တင့်တယ်ဆန်းကြယ်လှသော လက္ခဏာ ဒေတာ်ငယ်ရှစ်ဆယ်နှင့်ဇာလည်းပြည့်စုံ, တစ်လံမျှထွန်း ထွောင် ခြည်ဝန်းဖြင့်လည်းဝန်းမဲ့အပ်, ကေတုမာရောင်လျှံတော်, ကြီးဖြင့်လဲ ဘန်ဆာ ဆင်အပ်သော ရွှမကာယတော်, သစ္စာလေးပါးဌိ သိသော ဉာဏ်လေးပါး, ပဋိသမ္ဘိဒါ ညာဏ်ခေးပါး, လွန်ဒြိယပရောပရိယတ္တိဉာဏ်, အာသယာ နုသယဉာဏ်, ယမကပါဋိဟာရိယဉာဏ်, မဟာကရုဏာ

သမာပတ်တို့ဉာဏ်, သဗ္ဗညုတဉာဏ်, အနာဝရဏဉာဏ် ဟူသော တစ်ဆယ့်လေးပါးသော ဗုဒ္ဓဉာဏ်နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးပါ၏၊ ထို့မှတစ်ပါး မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မကွန်ဟု ဆယ်တန် ထင်ပေါ်တရားတော်နှင့် အရိယာသံဃာတော်ရှစ်ပါး အပေါင်းကိုလည်း ညွတ်ပျော်ခင်း ရှိကျိုး ရှိခိုးဦးချပြီး ပဒုက္ကာ။ မြို့ရွာကုအရှေ့ရပ်နေ ကထိန်ဒါယိကာမကြီး ဝဒါသန်းကြည်နှင့် သမီး အထက်တန်းပြဆရာမ မခင်ဝင်းတို့ ဆောင်းပန်လျှောက်ထားချက်အရ ကထိန်မြတ်ကျေးဇူးကျမ်းကို ကြိုးပမ်းစီရင်ပါမည်ဟူလို။]

ရတနာတ္တယပကာသမ, အာဘိယာစက ပဋိညာဉ်ပြီး၏။

ကထိန်ဟူသည်

ကထိန်ဟူသည် အကျိုးပေးခြင်းမြန်သော အမှုကိစ္စလုပ်ငန်း အကျိုး အာနိသင် ငါးပါးကို ငင်ပြိုင်နက်ဘည်း ပေါင်းဖွဲ့ သံမိုးကျိုးခွဲ ငင်ခနိုင်သောအလုပ်, ဘုရား ဒန္ဓိ ညာရှိ သူမြတ်အပ်သော အလှူဖြစ်လေသည်။

ငကန်းခြင်, ခရုပ်, ဆိုးခြင်, ယူခြင်, ငဲးခြင်း ... သော ကထိန်မှန်ငုံပေါ်သမျှ ဘုရားဝါးပုံးကို ပြည့် ...

သုံးနှုန်းသော ဝေဟာရသမူဟ ပညတ်ဖြစ်သည်ဟု သိရာ၏။[၁]

လယ်တီဆရာတော်ဘုရားကြီးက—

ထိုတိုက်ထဲ၌ ခိုင်မြဲစွာလှ စီဝရတ္ထုက် ကြောင့်ကြ
စိုက်ထား အနက်သွား ခေါ်ခြားကထိန်။

ကထိန သဒ္ဒါသည် မလှုပ်မရှား ခိုင်မြဲခြင်းအနက်ကို ဟော၏ တိုက်ဘာအာတုင်း၌ ကထိန်ခင်းမှု မည်သည် ထိုတိုက်နှင့် စပ်၍ အလုပ် ခိုင်မြဲသော စီဝရပလိဗောဓမ္မကို ပြုခြင်းဟုလည်း၊ ကပေါင်းလဖြည့်တိုင်အောင် စီစရကာလသမယကို ခိုင်မြဲစေနိုင်သော ဒဋ္ဌကမ္မမှုကြီး ဆိုလိုသည်ဟု မိန့်ကြားခဲ့ကြောင်းမှ သည်။[၂]

ရွှေဘုရားမှင်အား လုံးတို့ ခွင့်ပြုခဲ့

ကထိန်ခင်းခြင်းကို ဂင်္ဂါဝါဠ သဲစုမှာ ပဋ္ဌာဘော်မှကြသော ရွှေဘုရားရှင် အားလုံးတို့ ခွင့်ပြုတော်မူခဲ့ကြသည်၊ ယင်း ကထိန်ခင်းခြင်းကို ဘုရားရှင် အဆူဆူ ချီးမွမ်းတော်မူကြသည်။[၃]

၁။ ဝိနယတ္ထဒီပနီ။ ဒုတိယ-ဥပဇ္ဈာယ-
၂။ ဝိနယသံဒိဋ္ဌိ။ နှာ-ဘဏ္ဍ
၃။ ကထိနက္ခန္ဓကဋီကာ သမ္မဇ္ဇနီ၌ အနုညာတောတိ စိရန္တွာ။
ဝိနယ ဂဏ္ဌိ ဘဏ္ဍ

ပဒုမမြတ်စွာဘုရား ကထိန်ခွင့်ပြုတော်မူခြင်း

ဒီပင်္ကရမြို့ စွာဘုရားမှစထောက် ရှစ်ဆူမြောက် ပဒုမ
မူသော ပဒုမမြတ်စွာဘုရားသည် ကထိန် ခွင့်ပြုတော်မူခဲ့သည်၊
ယင်းသို ဖြစ်ကြောင်း-

၁။ ကထိနတ္ထာရ သမယေ ဥပ္ပန္နေ ကထိန စီဝရေ။
ဓမ္မသေနာပတိတ္ထေရော၊ ဘိက္ခု။ သင်္ဃံသု ဧဝံရုံ။

၂။ တဒါ တေ ဝိမလာ ဘိက္ခူ။၊ ဆဠဘိညာ မဟိဒ္ဓိကာ။
တိကိသဆသဟဿာနိ၊ ဆမ်ံသု အာပဏ္ဍိတာ။

ဟု ၂-ဂါထာရှိသည်။

ဂါထာအနက်။ ။ကထိနတ္ထာရ သမယေ-ကထိန်ခင်းရာအခါ
၌၊ ကထိနစီဝရေ-ကထိန်လျှာ သင်္ကန်း
ဆင်၊ ဥပ္ပန္နေ-ဖြစ်ပေါ်လာသည်ရှိသော်၊ ဓမ္မသေနာပတိတ္ထာ
ယ--တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာလမထေရ်
အား၊ ဘိက္ခူ။-ရဟန်းတို့သည်၊ စီဝရံ-သင်္ကန်းကို၊
သင်္ဃံသု-ချုပ်ကြလေကုန်ပြီ။

၂။ တဒါ-ထိုအခါ၌ ဝိမလာ-ကိလေသာ အညစ်
အကြေး ကင်းတော်မူကြကုန်သော၊ ဆဠဘိညာ-အဘိညာ ၅

၁။ ၃၉၆ စာမျက်နှာ။

ခြောက်ပါးနှင့် ပြည့်စုံတော်မူကြကုန်သည်ဖြစ်၍၊ မဟိဒ္ဓိကာ-တန်ခိုးတော်ကြီးတော် မူကြကုန်သော၊ အာယုဇီဘာ-ရန် ဆူတို့သည် မဇ္ဈောင်အပ်နှင်ကုန်သော၊ တိဏ်ဃဘသဟဿာနို-သုံးသိန်းကုန်သော၊ တေ ဘိက္ခူ-ထို ရဟန္တာ ရဟန်းတို့သည်၊ သမိုဿု-စည်းဝေးကြလေကုန်ပြီ။

ပဒုမဘုရားလက်ထက် ကထိန်ပဲ

ပဒုမမြက်စွာဘုရားသည် ဥသဘဝတီမြို့ကို ဝဂါစရဂါမ်ပြု၍ ဝါကပ် သီတင်းသုံးတော်မူသည်၊ ဥသဘဝတီမြို့သား မြို့သူသဒ္ဓါကြည်ဖြူကြသော အမျိုးသား အမျိုးသမီးတို့ ဘုရား ရှင်ဖား ဖူးမြော်ရန် လာရောက်ကြသည်၊ ပဒုမမြတ်စွာဘုရား သည် ဆိုက်ရောက် ချဉ်းကပ်လာသော လူများအား တရား ဟောတော်မူသည်၊ ထိုအခါ အမျိုးသား များစုတို့ သာသနာတော် ကြည်ညိုကြကာ သာသနာ့ဘောင်ဝင် ရဟန်းပြုကြသည်၊ သီတင်းကျွတ် လပြည့် မဟာပဝါရဏာဝန့် ဖြစ်ရာ ထိုအခါ၌ ပဒုမ မြတ်စွာဘုရားသည် အာသဒဝါကင်းကွာ ရဟန္တာသုံးသိန်းနှင့်အတူ ဝိသုဒ္ဓိပဝါရဏာခေါ် ကိလေသာ စင်ကြယ်သည့် ရဟန္တာ ရဟန်းများ ပြုအပ်သည့် ပဝါရဏာကို ပြုတော်မူခဲ့လေသည်၊

ကထိန်တရားဟော ကထိန်ခွင့်ပြုတော်မူခြင်း

ထိုစဉ် ရဟန္တာ ရဟန်းအပေါင်း သုံးသိန်း အစည်း အဝေးကြီးမှာ လွန်စွာကြည်သိုစဖွယ် ကောင်းလှသည်ဖြစ်း အစည်းအဝေးကြီး၌ မလှမ်းမကမ်းမှ ရဟန်းမပြုနိုင်ကြသော အမျိုးသားတွေ အမျိုးသမီးတွေကလဲ ဘုရားရှင်နှင့်ရဟန္တာ ရဟန်းတွေကို ပူးမြောင်ကြည်ညိုလျက် ရှိကြလေသည်၊ ပဒုမမြတ်စွာဘုရားသည် ကထိန်အကျိုး အာနိသင်ကို ဖော်ပြ၍ ကထိန်ခင်းမှန် ခွင့်ပြုတော် မူလေသည်၊ သို့နှင့် ဥသဘဝတီမြို့သား မြို့သူသဒ္ဓါကြည်ဖြူကြသော အမျိုးသား အမျိုးသမီး တို့သည် စုပေါင်း၍ ငါးလတို့ပတ်လုံး အကျိုး အာနိသင် ငါးပါးခွဲးတတ်သော ကထိန်လျှာသက်နှံး ကထိန်ခင်းရန် အဝတ်ပိုင်းမျှားကို သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့ တွင် လှူဒါန်းကြလေသည်၊ ထိုအခါ စည်းဝေးရောက်ရှိသော ရဟန်းသံဃာတော်မျှားက ကထိန် ခံထိုက်သော အင်္ဂါနှင့် ပြည့်စုံသော ပညာဘဒ္ဒရ ပဒုမမြတ်စွာဘုရား၏ လက်ယာ တော်ရံ တပည့်ကြီး အမျှင်သာလ မဟထရ်ကို ကထိန်ခံရန် တောင်းပန် လျှောက်ထားကြကာ ကထိန်လျှာ သက်နှံး ကထိန်ခင်းရန် အဝတ်ပိုင်းဖျင်စမျှားကို ပေးအပ်ကြလေသည်၊ အမျှင်သာလမထေရ်အတွက် ကထိန်သက်နှံးကို ရဟန်း သံဃာ တော်အားလုံး ဝိုင်းဝန်းကူညီ ချုပ်ဆိုးကြသည်၊ ပဒုမမြတ်စွာ

ဘုရားသည်လည်း သင်္ဃာန်းချုပ်ရန် အပ်နှဖားပေါက်များထဲသို့ အပ်ကြိုးများ တပ်ပေးတော်မူကာ ကထိန်သင်္ဃာန်း စီမံမှုဌာန ကူညီဆောင်ရွက် လုပ်အားပေးတော်မူလေသည်။

မြတ်စွာဘုရားသည် ငါကား သမ္မတ္တိုးစာ ဉာဏ်တော်သခင် ဘုရားရှင်ပေတည်းဟု နှလုံးတော်ပိုက်၍ ကထိန်သင်္ဃာန်း စီမံမှုဌာန် လျစ်လျူရှုတော်မမူဘဲ ရှင်ရှင်မြူးမြူး ကထိန်သင်္ဃာန်း စီမံမှုဌာန် ပါဝင်ဆောင်ရွက်တော် မူခဲ့လေသည်။[၁]

ဆောင်။ ။ဒီကဏ္ဍ, စောသတ္ထာမှ, သခ်္ခဝဏ္ဏဆုတ်, ရှစ်ဆူမြောက်ဝယ်, ဘုန်းကြွယ် ပဒုမ, ဗုဒ္ဓမြတ်စွာ, စောသတ္ထာဆည်, အာနိသံသ, ထူးလှဂုဏ်ရှိန်, မြတ်ကထိန်ကို, ကြိမ်ကြိမ်မျှော်ရှု, ခွင့်တော်ပြု၍, ဥသဘစတီ, ပုရိပ္ပေဒြား, လူအများတို့, ဖလားစားကော်ရေ လူတော်ကထိန်, စီဝရကို, သဒ္ဓါကြည်ဆု, ပေးလူကြ၍, ကာလဆိုခါ, သာလမည်ရှိ, သေနာပတိထေရ်ကျော်, အမော်ခေါင်လွှမ်း, ကထိန်သင်္ဃာန်းကို, ရှင်လန်းကြည်ဖြူ။, ခံတော်မူသည့်, သမ္မတ္တိ။ သာသနာ ပွဲတော်ဘုရား။

၁။ ဗုဒ္ဓဝံ၊ ဋီ၊ ၂၁၄။

ပဒုမုတ္တရာ ပြတ်ဝင်္ဘုကုရား ကထိန်ခွင့်ပြု

ဤကမ္ဘာမှ ထောက်လျက် ကမ္ဘာဘစ်သိန်းထက်တွင် ပဉ္စင်္ဘော်မှ၍ ဒီပင်္ကရာ မြတ်စွာဘုရားမှစ၍ သမယောက် ဆယ်ဆူမြောက် ပဉ္စင်္ဘော်မှသော ပဒုမုတ္တရာ မြတ်စွာဘုရား လက်ထက်တွင် လည်း ကထိန်ခွင့်ပြုကြောင်း အဋ္ဌကထာ၌ လာရှိသည်၊ ပဒုမုတ္တရာ မြတ်စွာဘုရားသည် ကျောင်းတော် သီတင်းသုံးစဉ် သံဃာတော်ပေါင်း ခြောက်သန်းရှစ်သိန်း စုဝေးမိသည်၊ ထို အခါ ပဒုမုတ္တရာ မြတ်စွာဘုရားက ကထိန် ခွင့်ပြုတော်မူရာ အယ္လရွှင်က ကထိန်လျှာသက်နှံး လွှဒါန်းလေရာ ပဒုမုတ္တရာ မြတ်စွာဘုရား၏ အဂ္ဂသာဝကရဟန္တာ ရဟန်းတော် အရှင် သုဇာတသည် ကထိန်လျှာသက်နှံးကို ခံယူတော်မူ၍ ကထိန် ခင်းတော်မူလေသည်။[၁]

ဆောင်။ ။လွန်လေ ရှေးခါ သိန်းကမ္ဘာက, ပဉ္စင်္ဘော် ထင်ရှား, မြတ်ဖျားသဗ္ဗညူ, ပဒုမုတ္တရာ, သတ္ထာ ဘုန်းရိုန်, ဝေဟာမုနိန်လည်း, ကထိန်ခင်းမှု, ခွင့် တော်ရ၍ မုဒိုဘုန်းလျှံ, လက်ယာရံဝင်ရ, သုဇာ တမည်ဒို, မုဒိုရဟန်း, ဆက်နှံးလျှားကထိန်, လွှခံ ရသည် တူ လှကထိန်, လွှဒါန်းပါထား။

၁။ ဒီပင်္ကရာ ဘုရား၊ ဖွယ်ဆယ်ပါးတို့ ၂၃၃

သုမေဓာမြတ်စွဲဘုရားလက်ထက် ကထိန်ခွင့်ပြုခြင်း

ကထိန်အလှူပွဲ

လွန်ခဲ့သော ကမ္ဘာသုံးသောင်းထက်က ပုဉ္စတော်မူ၍ ဒီပင်္ကရ မြတ်စွာဘုရားမှထောက် ဆယ့်တစ်ဆူမြောက် ဖြစ်တော်မူသော သုမေဓာမြတ်စွာဘုရားသည် ဒေဝကူဋ တောင်ပေါ် ကျောင်းတိုက်ကြီး၌ ကုဋေကိုးဆယ်သော ရဟန္တာ ရဟန်းမျာနှင့် ဒုတိယ သန္နိပါတ ခေါ် နှစ်ကြိမ်မြောက် သံဃာ့အစည်းအဝေးကြီး ဖြစ်လေသည်၊ ထိုအခါ သုမေဓာမြတ်စွာဘုရားသည် ကထိန်အလှူတော်၏ အကျိုးကြီးပုံ ကထိန်အနုမောဒနာပြုသော ရဟန်းသံဃာတော်များ၏ ကထိန်အာနိသင်ငါးပါး ရပုံတို့ကို ချီးမွမ်းတော်မူ၍ ကထိန်ခင်းရန် ခွင့်ပြုတော်မူလေသည်၊ ဒါယကာ ဒါယိကာမများ ဝမ်းမြောက်ဝမ်းသာ သင်္ဃာကြည်ဖြူ ကထိန်လျှာသက််န်း လှူဒါန်းကြသည်၊ ဘုရားအမှူး ရှိသော သံဃာတော်အား ကထိန်သက််န်း လှူဒါန်းကြရာ သံဃာတော်အပေါင်း ကုဋေ ကိုးဆယ်ရှိသော ကျောင်းထိုက်ကြီး၌ ကထိန်အလှူတော်ပွဲကြီး ဖြစ်လေသည်၊ ဤကထိန်ပွဲ၌ ကထိန်လျှာသက််န်း အလှူခံရသော ရဟန်းတော်မှာ လက်ယာတော်ရံ အဂ္ဂသာဝကာ အရှင်သရဏ ရဟန်းတော်ဖြစ်ပုံယ် ဤပါသည်။ ပါဠိတော်၌-

ပုနာဝပရံ ဒေဝကူဋ္ဌေ၊ ဘိက္ခူနံ ကထိနတ္ထတေ။
တဒါ နဝုကိကောဋ္ဌိနံ၊ ဒုတိယော အာသိ သမာဂမော။[၁]
ဟု သာမန်လာရှိသည်။

ဂါထာနက်။ ။ပုနာဝပရံ-မှတ်သားဖွယ် တစ်မျိုး တစ်ပါး ကား၊ ဒေဝကူဋ္ဌေ - ဒေဝကူဋ္ဌတောင်ပေါ် ကျောင်းတိုက်၌၊ ဘိက္ခူနံ-ရဟန်းတို့သည်၊ ကထိနတ္ထတေ-ကထိန်ခင်းအပ်သည်ရှိသော်၊ တဒါ-ထိုအခါ၌၊ နဝုတိကောဋ္ဌိနံ-ကုဋ္ဌေကိုးဆယ်သော ရဟန်းတို့၏ ဒုတိယော နှစ်ကြိမ်မြောက် ဖြစ်သော၊ သမာဂမော - ဒေသည်းအဝေးသည်၊ အာသိ-ဖြစ်လေပြီ။

ဆောင်။ ။လွန်စွာကြာညောင်း, သုံးသောင်းကမ္ဘာ, လက်ထက်ခါက, မှန်စွာပွင့်ငြား, ဘုရားသုမေဓာ, လက်ထက်ခါက, ဒေဝကူဋ္ဌ, မည်ရတွင်ရှောင်း, တောင်ပေါ်ကျောင်းဝယ် ကိုးဆယ်ကုဋ္ဌေ, တို့သို့ ရေမျှားစွာ, သံဃာတော်အထူ, စုဝေးမိစဉ်, ကထိနစီဝရ, မည်ရတွင်ခေါ်, အလွန်ဘော်ကြီး, အုံမပြီးဆည်, ဘုန်းမီးသာသန္ဒာ, တန်ခိုးတော်တည်း။

၁။ ဗုဒ္ဓဝံ၊ ၃၄ ဂါထာ။

ဤဘုရားလက်ထက် ကထိန် ခွင့်ပြုတော်မူခြင်း

ဤဂေါတမ မြတ်စွာဘုရား လက်ထက်တော်ယေ ပါဝေယျက တိုင်းသားများဖြစ်ကြသော ဘဒ္ဒဝဂ္ဂိညီနောင် သုံးကျိပ် ရဟန်းတော်တို့ကို အကြောင်းပြု၍ ကထိန်ခွင့်ပြုတော်မူလေသည်။၁

ဘုရားရှင်သည် မဃာဒေဝီကလျာဇင် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့ ဘုရားဖြစ်ပြီးနောက် မိမိ၏ ဗုဒ္ဓဝါဒပြန့်ပွားး ထွန်းကားရေးအတွက် သာသနာပြု ပုဂ္ဂိုလ်များကို စုဆောင်းလာရာ ဝါဆိုလပြည့်ကျော် ၆-ရက် (ဘုရားဖြစ်ပြီး၍ ၂-လ ၆-ရက်အရ)တွင် ပန္နဒ္ဓဂိုဏ်းဦး, ယသ ဦးဆောင်သော ဧဟိဘိက္ခု ရဟန်း ၅၅-ပါး၊ စုစုပေါင်း သာသနာပြု ရဟန္တာ ရဟန်း ၆၀-အထိ စုဆောင်းရရှိလာလေသည်။

ပထမဝါကျွတ်ပြီးနောက် ရဟန်း ၆၀-ကို အနယ်နယ် အစုိုစို့ အမြိုမြို့ အရွာရွာ သာသနာပြု ဖေလွတ်တော်မူ၍ မိမိကိုယ်တုိင်ကမူ ဥရုဝေလတောသို့ ကြွတော်မူ၍ လမ်းခရီး အကြား ဝါခင်းထဲ၌ ဘဒ္ဒဝဂ္ဂိညီနောင် ၃၀-အား တရား ဟောကြားတော်မူသည်။၃

၁။ ဝိ၊ ၃း ၂၁၄း

၂။ ဓာတ်ငါးပါးသော အစုအဖွဲ့ဖြင့် လူသည်လည်သွားလာ နေထိုင်တတ်သော မင်းသားမုဆိုးဟူ၏။

၃။ ဓမ္မ၊ ၌း ၁။ ၅၅။

ယင်း ဘဒ္ဒဝဂ္ဂိညိုနှောင် ၃၀-အနက် ၂၄-ယောက်မှာ မိမိ ကိုယ်ပိုင် လက်ထပ်မယားများဖြင့် ဝါခင်းထဲဘွင် အာဒေါ်ကို ကျူးနေကြခြင်း ဖြစ်သည်၊ တစ်ယောက်မှာမူ ကိုယ်ပိုင် မယားမရှိ၍ ပြည့်ဘုန်ဆာမကို အခင်းကြွေးငွေခပး ငှားရမ်း ကာ ပျော်ပွဲခင်နေလေသည်၊ ပြည့်တန်ဆာမသည် မင်းသား များ ဘေ့နေစဉ် ပစ္စည်းဥစ္စာ အာဒိုးတန်များကို ခိုးယူထွက် ပြေးလေသည်။

သို့နှင့် မင်းသားများ သူခိုးပြည့်တန်ဆာမကို လိုက်လံရှာဖွေ စဉ် ဘုရားရှင်နှင့် တွေ့လေလော ဘုရားရှင်က အို မင်းသားတို့ ဒေါ်ကော်သော မိန်းမကို ရှာဖွေခြင်းနှင့် ကိုယ့်ကိုယ်ကို ရှာဖွေ ခြင်း ဘယ်သင်း ဘယ်ဟာက မြတ်သနည်းဟု မေးတော်မူ၍ မင်းသားများက ကိုယ့်ကိုယ်ကို ရှာဖွေခြင်းက မြတ်ပါသည် ဟု လျှောက်ထားကြလေသည်၊ ဆက်လက်၍ မြတ်စွာဘုရား က တရားဟောတော်မူရာ ဘဒ္ဒဝဂ္ဂိညိုနှောင်သုံးကျိပ် အားလုံး ထိုနေရာမှာပင် တရားထူးရကြသည်၊ ဘုရားရှင်ထံ ရဟန်းပြု လိုပါခြင်းကြောင်း တောင်းပန် လျှောက်ထားကြရာ ဘုရားရှင်က "ဧထဘိက္ခဝေါ-ရဟန်းတို့ သင်တို့ ငါဘုရား ဟောသနာခို့ဝင် လာခဲ့ကြလော့" ဟု ခေါ်တော်မူသဖြင့် အားလုံး ဗဟိဒ္ဓါ ရဟန်းခံသည်း ဖြစ်ကြသည်။[၁]

၁။ ဒီ၊ ဥ၊ ၃၄-၁။

ဘဒ္ဒဝဂ္ဂီရဟန်းများ ရဟန်းဖြစ်ပြီးနောက် ၁။ ပုံသကူသက်န်းကိုဝတ်ရုံ ပုံသကူဓုတင်ဆောင်၊ ၂။ သက်န်းသုံးထည်ကိုဝက်ရုံ တိစီဝရိတ်ဓုတင်ဆောင်၊ ၃။ ဆွမ်းခံသုံးဆောင်ပိဏ္ဍပတ်ဓုဘင်ဆောင်၊ ၄။ အိမ်စဉ်မပျက်ဆွမ်းခံ သပဒါန စာရိကဓုတင်ဆောင်၊ ၅။ တစ်ထိုင်ထည်းသာစား ဧကာသနိက်ဓုတင်ဆောင်၊ ၆။ သပိတ်ဘစ်လုံးထဲ၌ ရှိသရွေ့ကိုသာစား ပတ္တပိဏ်ဓုတင်ဆောင်၊ ၇။ တော်ပြီ တန်ပြီဟု ပယ်မြစ်အပ်ပြီးသည်ဖြစ်၍ အတိရိတ်ဖြစ်ပြီးသော ဆွမ်းကို စွန့်ခြင်းရှိ ခလုပစ္ဆာဘာတ်ဓုတင်ဆောင်၊ ၈။ တော၌နေ ကျင့်ဝတ်ရှိ အရညကင်ဓုတင်ဆောင်၊ ၉။ သစ်ပင်အောက်၌ နေခြင်း ကျင့်ဝတ်ရှိ ရုက္ခမူဓုဘင်ဆောင်၊ ၁၀။ လွင်တီးခေါင်အရုပ်၌ နေခြင်း ကျင့်ဝတ်ရှိ အဗ္ဘောကာသိကဓုတင်ဆောင်၊ ၁၁။ သုသာန်၌ နေခြင်းကျင့်ဝတ်ရှိ သုသာန်ဓု်တင်ဆောင်၊ ၁၂။ ရှေးဦးစွာ ညွှန်ပြအပ် ချထားအပ်တိုင်းသော ကျောင်း၌သာ နေခြင်း ကျင့်ဝတ်ရှိ ယထာသန္ထတိဓုဘင်ဆောင်၊ ၁၃။ အိပ်ခြင်းကျရှိ ယာပုတ်ပယ် ထိုင်နေခြင်း ကျင့်ဝတ်ရှိ နိသိဇ္ဇဓုဘင်ဆောင်အားဖြင့် ဓုတင် ၁၃-ပါးလုံးကို ဆောင်ကြသည်၊ တစ်ခုသော ဝါကျတို၌ ဘုရားရှင်ထံ ဘုန်းဖူးအလာ လမ်းခရီး၌ မိုးမိသဖြင့် လေးလံခဲသာ တိစီဝရိတ်ကို ဆောင်ယူ၍ ပင်ပန်းခက်ခဲစွာ သာကြရသည်။

ဘုရားရှင်သည် ရဟန်းတို့၏ နေရေး ထိုင်ရေး ကျန်းမာရေး အခြေအနေများကို မေးမြန်းတော်မူ၍ ရဟန်းများကပင်ပန်း ခက်ခဲစွာ လာခဲ့ရကြောင်း လျှောက်တားလေလျှင် ထိုရဟန်းများအား လျော်သော တရားစကားကို ဟောကြားတော်မူသည်၊ ရဟန်းများသည် နေရာမှာပင် အာသဝေါကုန်ခန်း ရဟန္တာအဖြစ်သို့ ရောက်ကြ၍ မိမိနေထိုင်ရင်း ပါဝါပြည် (ပါဠေယျကတိုင်း)သို့ ပြန်သွားကြလေသည်။

ဘုရားရှင် သည် ဘဒ္ဒဝဂ္ဂိ ရဟန်းများ အဓိဋ္ဌာန်တင် သက်နှံ သုံးထည်စလုံး ဆောင်ယူ၍ ဆင်းရဲ ပင်ပန်းစွာ လာခဲ့ရသော ဖြစ်ရပ်ကို အကြောင်းပြု၍ ကထိန်ခင်းမှု ဝိနည်းကို ခွင့်ပြုတော်မူလေသည်၊ ကထိန် ခွင့်ပြုတော်မူသည့်အတွက် ကထိန် အားနိသင်ကို ရသော ရဟန်းများထဖို့ ခရီးသွားရာ၌ အဓိဋ္ဌာန်တင် သက်နှံ သုံးထည်စလုံး ဆောင်ယူ နေစထုံမလို တော့ဘဲ လေးလံသော ဒုကူဋ္ဋ ၂-ထပ် သက်နှံကြီး ထားခဲ့လိုက ထားနိုင်ခွင့်ရှိလေသည်။

ဘဒ္ဒဝဂ္ဂိရဟန်းများသည် ရွှေးရှေး အတိတ်ဘဝက ရွှေးဘုရားရှင်တို့အထံ၌ တရားထူးရရန် ဆုတောင်း၍ ကောင်းမှုကုသိုလ်မျိုးစုံ ပြုခဲ့ဖူးခဲ့ကြသည်၊ တစ်ဘဝ၌ သေသောက်ကြား သူးဆယ်မြစ်၌ တူဋ္ဌိလဝက်၏ သြဝါဒကို နာယူကြသဖြင့်

၁၊ ၀၊ ၄၊ ၃၊ ၃၀၇-ဂ။

အနှစ် ခြောက်သောင်းပတ်လုံး ငါးပါးသီလ စောင့်ထိန်းခဲ့ဖူးခဲ့ကြသည်၊ ယင်းခေတ်မှာ ဥပနိဿယကြောင့် ယခုဘဝ၌ တစ်ထိုင်တည်း ရဟန္တာဇာဖြစ်သို့ ရောက်ကြခြင်း ဖြစ်လေသည်။

ကထိန်ခင်းရာအခါ

ကထိန်မြတ်ကျေးဇူး ကျမ်းစာဖတ်သည် ကထိန်ခင်းရာအခါကိုလည်း သိသင့်ပေသည်၊ မိုးလုအဆုံးကာလကို ကထိန် ခင်းရာအခါဟုဆိုထု သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့ မှစ၍ ဘုန်ဆောင်မုန်းလပြည့်နေ့ တိုင် ဒေါင် တစ်လ သည် ကထိန်ခင်းရာ အခါမည်၏။

ဆောင်။ ။သီတင်းကျွတ်လ, ကာဠဆုတ်ပက်, ကျော်တစ် ရက်မှ, မာသတန်ဆောင်, ထိတိုင်ဒေါင်, မြဲ ဆောင်, ကထိန်ခင်းရာအခါတည်း။

ကထိန်သက်နှံး

ကထိန်ခင်းရန်အပ်သော သက်နှံးများ ခြောက်မျိုးလာရှိသည်၊ ယင်းခြောက်မျိုးကား ၁။ ခေါ်မချည် (ခုံချည်) ဖြင့် ရက်အပ်သော ပိတ်သက်နှံး ၂။ ဝါချည်သက်နှံး၊ ၃။ပိုး

၁။ ဓမ္မာ ဋီ ၁ ၁ ဖြာ ဂဃဒ။ ဇာ ၁ ဘဒ္ဒ။

ချည်သက်နှံး၊ ၄။ သိုးမွေးစသည်ဖြင့် ရက်အင်္ကျီသောဇာမွှေလာ (သက္ကလပ်)သက်နှံး၊ ၅။ ပိုက်ဆံသျှော်သက်နှံး၊ ၆။ ခုံချည် ဝါချည်, ပိုးချည်, သိုးမွေး စသည် ပိုက်ဆံလျော် ဟူသော ချည် ငါးမျိုးဆောရှ် ရက်အပ်သော (ဘန်မျည်) းပက်နှံး၊ ဤဇာတိဘေဒ ခြောက်မျိုးသော သက်နှံးများအနက် တစ်မျိုးမျိုးဖြင့် ကထိန်ခင်းနိုင်သည်။[၁]

ထို့ပြင် ဘုရားမြတ်စွာသည် အနုလောမ သက်နှံးခြောက်မျိုးတို့ကိုလည်း ခွင့်ပြုတော်မူသည်၊ ယင်း ခြောက်မျိုးတို့ကား ၁။ ဒုကူလမည်သော လျှော်အထူးပြုံ့ ရက်အပ်သော ဘွဲ့ဖြူပုဆိုးခေါ် ဒုကူလသက်နှံး၊ ၂ ၂။ ပဋ္ဋဲကတိုင်းပြုစ် ပက်နှံး၊ ၃။ သုမာရတိုင်းပြုစ် သက်နှံး၊ ၄။ စိန္နတိုင်းပြုစ်သက်နှံး၊ ၅။ ဟေတိကို့ မဟန်းတော်များ၏ တန်ခိုးပြုံ့ပြီးသော သက်နှံး၊ ၆။ နတ်သား နတ်သမီးတို့ လူအပ်သောသက်နှံး၊ ဇာလိနီနတ်သမီးက အရှင်အနုဒ္ဓါထေရ်အား လူအပ်သော သက်နှံးကဲ့သို့ နတ်များလူအပ်သော ပဒေသာပင်၌ဖြစ်သော အဝတ်အထည်ခေါ် ဒေဝဒိန္နသက်နှံး၊ ယင်း သက်နှံးခြောက်မျိုးကို

၁။ ဝိ၊ ၅။ ၃၀၆၊

၂။ ဒုကူလကို ဘွဲ့ဖြူပုဆိုး၊ လျှော်ချည်ပုဆိုး၊ ခုံချည်အဝတ်ပုဆိုး၊ ခေါင်းမည်သော ဗီဇာ လျှော်ချည်ပုဆိုး သိမ်ခမွေးနုးညံ့သောပုဆိုး၊ စသည်ဖြင့်လည်း ပြန်ဆိုကြသည်။

ကထိန်မြတ်ခံကျေးဇူး-၂

မူလစာပေတိဓာတ္ထ သာက်ိန်းခြောက်ထည့် အားလျော်သည့်အတွက် ဒေါနုလာဖလသကိန်းဟု ခေါ်သည်။

လျော်ပုံတော်ကား ဤသို့တည်း—

ဒုက္ကဋသာက်ိန်းသည်. လျော်ဖြင့်ပြီးရုံကား သာဏသက်ိန်း အားလျော်သည်၊ ပဋ္ဌုဏ္ဏသက်ိန်း, သောဖဒရသက်ိန်း. စိန သက်ိန်း၊ ဥဒ္ဒါသက်ိန်း သုံးထည့်တို့သည် ပိုးချည်ဖြင့် ပြီးရုံကား ကောဇဝသယ္ယ သက်ိန်းခေါ် လျော်သည်၊ ကွဒ္ဒဳဏသက်ိန်း, ဇေဝဒိန္နသက်ိန်းမျှသည့် ခရါမ စဏော သက်ိန်းခြောက်တည့် အားလျော်ကုန်၏။

ကထိန်ခင်းနိုင်သောသက်ိန်း

သုရာမြို့စွာ ဟောတော်မူသော ဇာတိတေဒသက်ိန်း ခြောက်မျိုး, ဆဋ္ဌသင်္ဂါယနာ၌ လာသော ဆေနလာမ သက်ိန်း ခြောက်မျိုးရှိသော ရာဇာနိုးမျှား ဝတ်ရုံသုံးသောင်္ဂ ကောင်းသော ကိုး (၉) ထည့်သော ဆက်ိန်းတို့ကြောင့် ဒုက္ခဋ္ဌသက်ိန်း, ကိုယ်ရုံ ကောသိသက်ိန်း, ခါဝစ်သင်းပိုင်ဟုသော ဤသုံးထည့်သော သက်ိန်းတို့သာ ကထိန်ဝတ္ထု = ကထိန်ခင်းထိုက်သော အဘည် ကြောင်း သက်ိန်းမျှားဖြစ်ကြသည်၊ ယင်းသို့ဖြစ်ခြင်း တိုကို ဝတ္ထုနှီ ဆိုသည်ဟု ဥဘာရသင်္ဂဟာဒါအနွှဲရဝါသကော ဟု လာရှိ ပေသည်။[၁]

၁။ ဒီ၊ ဋ္ဌ၊ ဥဝ၆။

ကထိန်မခင်းကောင်းသောသက်နွှ်း

ဒကာ ဒကာမတို့ ဘုန်းကြီးက ဤမျှလောက် ကောင်းမွန်သော ဆက်နွှ်းဖြင့် ကထိန်ခင်းမည် ကထိန်ခင်းချင်သည်၊ ခန်းစိတ် သက်နွှ်းကြီးနှင့် ကထိန်ခင်းမည်၊ တက်ထပ်ခန်းဆက်နွှ်းဖြင့် ကထိန်ခင်းမည်၊ စိဝိုင်စိသက်နွှ်းဖြင့် ကထိန်ခင်းမည်း စသည်ဖြင့် ဒကာ ဒကာမတွေ ကြားဖူးလောက်အောင် ချိပ်ရိပ်ရှိ လှုမာပ်သော ကထိန်လျှာသက်နွှ်းကြွှ်လဲ ကထိန် မခင်းကောင်းခဲ့။

ဆောင်း။ ။အာဂကောင်းထိပ်ဘန်း, သက်နွှ်းဖြင့်သာ, ငါ ကားမန်သည့် ခင်းလိုပေမှ်, မြွက်ချေ ပြောဟ, ရသည်သက်နွှ်း, ကျန်ဆတ်ဆာ်, မာအပ်မခင်း ထိုက်ပါသတည်း။

ဤသက်နွှ်းကား ကောင်း၏၊ ဤသက်နွှ်းဖြင့် ကထိန်ခင်း သင့်၏ ဟူ၍ပင် မဆိုကောင်.ဟု လာရှိသည်။၂

ကထိန်သက်နွှ်း လူသင့်သည်၊ သက်နွှ်းဒကာ ဒကာမတို့သား ကောင်းမွတွေ့မှားမှာ ရသည်ဟုလည်း ကြိုတင် မဆွယ် ဧကောင်း, မဟာဒကောင်းဖြစ်၊ ဆွယ်လို ဟာလို ရသော

၁။ ဒီ ဂ္ဂ ဂ်ာ ၄ ဧ ဂ် ဂ်ာ ဂ်ဒ ဂ်။

၂။ ဒီ ဂ္ဂ ဂ် ဂ်ာ ဂ်ဒ ဂ်။

သက်နှံးဖြင့် ကထိန် မခင်းထိုက် ကထိန် မခင်းကောင်းချေ။ ကထိန်မည်သည် သာလွန် မှန်မြတ်သည်၊ ထူးခြန်သည်၊ မိခင်ရင်းကိုသော်လည်း ကထိန်သက်နှံး လူပါဟု မပြောကောင်းချေ၊ ကောင်းကင်ကျ မိုးရေသဖွယ်ဖြစ်ရမည်၊ မိုးကျရွှေကိုယ်သက်နှံး ဖြစ်ရမည်ဟူ၏။[၁]

ဆောင်။ ။သွယ်ဝိုက်ပြောထ, ရသည်သက်နှံး, ထူးအာဆန်းဖြင့်, မသင့် ကထိန်, မှုန်နှံဟောကြား, မြတ်စကားကို, မှတ်သားမသွေ, စွဲပြစေလော့။

ဂုဏ်ပြင် ငှားရမ်းအပ်သော သက်နှံး, သက်နှံးရသည်ခန့် မခင်းဟဲ့ ညွှဲအိပ်သော သက်နှံးလည်း ကထိန် မခင်းကောင်းချေ။[၂]

ကထိန် ခင်းသင့်သောသက်နှံး

ဘုရားဇီနော်သားကျော် ရဟန်းစတော်များသည် ကထိန်ခေတ်က ကထိန်အခါရောက်လျှင် ဒကာ ဒကာမများက အလို့အလျောက် သဒ္ဓါပေါက်၍ လှူဒါန်းလာသော ဆက်နှံးကိုသာ ကထိန်ခင်းထိုက်သည်၊ ကထိန်ခင်းကောင်းသည်။

၁။ ဝိ၊ ဋ၊ ၃။ ၃၉၂။

၂။ ဇာ၊ ဋ၊ ၃၉၂။

ဆောင်။ ။အလိုအလျောက်၊ သဒ္ဒါပေါက်ကာ၊ လာထောက်လှူဒါန်း မြဝတ်သက်နှံးဖြင့်၊ ချင်လန်းကြည်သာ၊ ဝင်းပါ မြတ်ကုဋိန်ပေတည်း။

ကဏန်ဝင်းရန် အပေးသဘောနှံး

အလိုအလျောက် သဒ္ဒါပေါက်ကာ နတ်ဖြစ်လေ၊ လူပြန်စေ၊ ရဟန်းယောဂီဘုံး၊ ရဟန်းဝိန်းမ၊ ထမ်ဘိုးသား သာမဏေ၊ အမျိုးသမီး သာမဏေ၊ သိက္ခာပုဒ်ဟူသော သီတင်းသုံးပေါင်း ငါးယောက်းဆုံကို တစ်ယောက်ယောက် လှူဒါန်းသော သက်ဒါန်းသည် ကထိန်ခင်းရန် အပ်သော သဘော်းမည်၏။

မေးလျှင် ပြောဆိုကောင်း ညွှန်ကြားကောင်း

ကထိန်သင်္ဃာန်း လှူဒါန်းလိုသော ဒကာ ဒကာမက မသိသည်အတွက် မေးလျှောက်လျှင် ဒို့ ဒကာ၊ ဒို့ ဒကာမ ကထိန်ခံကန်းဆိုတာ သင်္ဃာန်း သုံးဟည်ထဲ တစ်ထည်ထည်နှင့် ခင်းကောင်းပါတယ်၊ ဒုက္ကူဋသင်္ဃာန်းကြီးနဲ့လည်း ကထိန်ခင်းကောင်းပါတယ်၊ ဧကသိန်နဲ့လည်း ခင်းကောင်းပါတယ်၊ သင်္ဃာပိုင်နဲ့လည်း ခင်းကောင်းပါတယ်၊ နံနက် နေတွက်လျှင် ကျောင်းလာ တပည့်တော်များ သားသားတော်ဆား ကထိန်

၁။ ဒို့ ဒကာ ဒကာမ

လျှာသက်နှိုး လွှာကြားပါကုန်၏ဟုဆို လွှဖြစ်ပါတယ်၊ အာပ်မျှား အာပ်ချည်မျှား ဆိုးရည်မျှား ဤရွှေ့ ဤမြို့ လိုမည်ဟု, ရဟန်း သံဃာဆော် ဤရွှေ့ ဤမြို့ ယာဂုဆွမ်းလှူဒါန်းရန် သင့်သည်ဟု ပြောဆိုကောင်း ညွှန်ကြားကောင်းပါသည်၊ ယခုခေတ်တွင် ချုပ်ပြီး ဆိုးပြီး သက်နှိုးမျှားလှူဒါနိုးကြဆု အာပ်မျှား, အာပ်ချည်မျှား မလိုတော့ဟူ။[1]

ကထိန်ပြောက်အောင်လှူဒါန်းနည်း

"မယ် ဘန္တေ သံဃာ ဤမံ ကထိနစီဝရံ ဒဒမ" ဘန္တေ-အရှင်ဘုရားတို့ မယ်-တပည့်တော်, တပည့်တော်မတို့သည်၊ သံဃာ-သံဃာတော်အား၊ ဝါ-ဘုရားမြတ်စွာ သာသနာတော်တွင်းသို့ ရောက်ဆဲ ရောက်ပြီး ရောက်လတ္တံ့ ဖြစ်ဘတ်မူသော အရပ်လေးမျက်နှာရှိသော သံဃာတော် အရှင်မြတ်အား၊ ဤမံ ကထိနစီဝရံ-ဤကထိန်လျှာသက်နှိုးကို၊ ဒဒမ-သဒ္ဓါ ရွှင်လန်း လှူဒါန်း ကြပါကုန်၏၊ ဟူ၍လည်း အကျဉ်း ချုပ်ဆိုလျှင် လှူဒါန်းရာ၏။

သို့မဟုတ်-

၁။ မယံ ဘန္တေ ဤမံ ကထိနစီဝရံ သံဃာ ဒဒမ
ကထိနံ အတ္ထရိတုံ ဟူ၍ လည်းကောင်း။

၁။ ဝိ။ ဋ။ ၃။ ၃။ ၃၀၉-ကြည့်။

၂။ မယ်ဘာဒန္တာ ကျွမ်း ကထိနစီဝရုံ သံဃာ ဖေမ
ဤမိုနာ စီဝရနှင့် ကထိန် အတွက်ရယ - ဟူ၍ လည်း
ကောင်း။

၃။ မယ်ဘဒန္တာ ကျွမ်း ကထိနစီဝရုံ အာဂန္တု ဖေဝတာသ
စာတုဒ္ဒိသာသ သံဃာ ဖေမ ကျွန်တော်မ ဤကထိန်
တ ဟူ၍ပယ်သည်ကောင်း။

၄။ (အခြားရုံပါရှိသူ၌) မယ်ဘဒန္တာ သာဓိဝါရံ ကျွမ်း
ကထိနစီဝရုံ သံဃာ ဖေမ ဤကထိန် အတွက်ရယ် ဟူ၍
လည်းကောင်း တစ်ယောက်ချင်းစီ ခွဲ၍ဟိုလူ လူဝါနှင့်ပြီး
သည်။

ဘာနုက်ဓပေး။ ၁။ ဘဒန္တေ - အရှင်ဘုရား မယံ - တပည့်
ကျော်ကိုသည်၊ ကထိနံ - ကထိန်ကို၊ အတ္ထရိ
တုံ-ခင်းခြင်းငှာ၊ ကျွမ် ကထိနစီဝရံ - ဤသို့သဘင်း
ကို၊ သံဃော - သံဃာတော်၊ အရှင်ခြုတ်အား၊ ဖေမ-သင့်
ကြည်ဖြူ ဝတ္ထုဒါန်း ကြပါကုန်၏။

၂။ ဘန္တေ - အရှင်ဘုရား၊ မယံ - တပည့်တော်တို့သည်၊ ဤမံ ကထိနစီဝရုံ-ဤကထိန်လျှာသင်္ကန်းကို၊ သံဃဿ-သံဃာတော် အရှင်မြတ်အား၊ ဒေမ-သဒ္ဓါ ရှင်လန်း လှူဒါန်းကြပါကုန်၏၊ ဤမိနာဂကထိနစီဝမရုန - ဤကထိန်လျှာ သင်္ကန်းဖြင့်၊ ကထိန်-ကထိန်ကို၊ အတ္ထရထ-ခင်းတော်မူကြပါကုန်လော့။

၃။ ဘန္တေ-အရှင်ဘုရား၊ မယံ-တပည့်တော်တို့သည်၊ ဤမံ ကထိနဒီဝရုံ-ဤကထိန်လျှာသင်္ကန်းကို၊ အာဂတာနာဂတဿ ဘုရားမြတ်စွာ သာသနာတော်တွင်းသို့ ရောက်ဆဲ, ရောက်ပြီး ဧရာက်လတ္တံ့ဖြစ်သော၊ စာတုဒ္ဒိသဿ-အပိတ်အပင် အဆီးအတား ကင်းကွာ အရပ်လေးမျက်နှာ၌ ရှိသော၊ သံဃဿ-သံဃာတော် အရှင်မြတ်အား၊ ကထိန်-ကထိန်ကို၊ အတ္ထရိတုံ-ခင်းခြင်းငှာ၊ ဒေမ-သဒ္ဓါရှင်လန်း လှူဒါန်းကြပါကုန်၏။

၄။ ဘန္တေ - အရှင်ဘုရား၊ မယံ - တပည့်တော်တို့သည်၊ ဤမံကထိနဒီဝရုံ - ဤကထိန်လျှာသင်္ကန်းကို၊ အာဂတာနာဂတဿ-ဘုရားမြတ်စွာ သာသနာတော်တွင်းသို့ ရောက်ဆဲ ရောက်ပြီး ရောက်လတ္တံ့ဖြစ်သော၊ စာတုဒ္ဒိသဿ-အပိတ်အပင် အဆီးအတား ကင်းကွာ အရပ်လေးမျက်နှာ၌ ရှိသော၊ သံဃဿ-သံဃာတော် အရှင်မြတ်အား၊ ကထိန်-ကထိန်ကို၊ အတ္ထရိတုံ-ခင်းခြင်းငှာ၊ ဒေမ-သဒ္ဓါရှင်လန်း လှူဒါန်းကြပါကုန်၏။

၅။ ဘန္တေ - အရှင်ဘုရား၊ မယံ - တပည့်တော်တို့သည်၊ ဤမံကထိနဒီဝရုံ - ဤကထိန်လျှာသင်္ကန်းကို၊ အာဂတာနာဂတဿ-ဘုရားမြတ်စွာ သာသနာတော်တွင်းသို့ ရောက်ဆဲ ရောက်ပြီး ရောက်လတ္တံ့ဖြစ်သော၊ စာတုဒ္ဒိသဿ-အပိတ်အပင် အဆီးအတား ကင်းကွာ အရပ်လေးမျက်နှာ၌ ရှိသော၊ သံဃဿ-သံဃာတော် အရှင်မြတ်အား၊ ဒေမ-သဒ္ဓါ ရှင်လန်း လှူဒါန်းကြပါကုန်၏၊ တုမှေ - အရှင်ဘုရားတို့သည်၊ ဤမိနာ

ကထိန စီဝရန-ဤကထိန်လျှောသက်နှံးဖြင့်၊ ကထိနံ-ကထိန်ကို၊ ဒုတ္ထရထ-ခင်းတော်မူကြပါကုန်လော့။

၅။ ဘန္တေ - အရှင်ဘုရား၊ မယံ - တပည့်တော်တို့သည်၊ သပရိဂဟံ-ဒါယကာအိမ်နှင့်တကွ ဖြစ်သော၊ ဤမံကထိနစီဝရံ-ဤကထိန်လျှော သက်နှံးကို၊ ကထိနံ-ကထိန်ကို၊ အတ္ထရိတုံ-ခင်းခြင်း ငှာ၊ သံဃဿ-သံဃာတော် အာဂန်မြတ်အား၊ ဒေမသဒ္ဓါ ရှင်လန်း လှူဒါန်းကြပါကုန်၏၊ တုမှေ-အရှင်ဘုရားတို့သည်၊ ဤမိနာကထိနစီဝရေန-ဤကထိန်လျှောသက်နှံးဖြင့်၊ ကထိနံ-ကထိန်ကို၊ အတ္ထရထ-ခင်းကြပါကုန်လော့။

သံဃသပါမှ ကမ္မဝါစာနှင့်ကိုက်ညီ

ဆဋ္ဌကထာ၌ "ကထိနစီဝရံဒေမာတိ ဝါ ဝဒန္တိ" လာရှိသည်၊ ဤပါဠိကို ဝိနယလင်္ကာဋီကာ၌ "သံဃဿ ကထိနစီဝရံ ဒေမာတိ ဝတ္တဗ္ဗံ-ကထိန စီဝရံ သံဃဿ ဒေမ"ဟုဆိုရမည်ဟူ၏၊ ဥဝဋိသတို့ ဤသံဃဿ ကထိန ဒုဿံ ဥပ္ပန္နန္တိ ကမ္မဝါစာယ သဓေတိ-ဤလို သံဃဿထည့်၍ သံဃဿ ကထိန စီဝရံ ဒေမ ဟုဆိုလျှင် ဤသံဃဿ ကထိန ဒုဿံ ဥပ္ပန္နံ" ဟုသော ကမ္မဝါစာနှင့် ညီညွတ်သည်ဟူ၏၊ "သံဃဿ" ဟူ၍

ဇာ ဒါ ဂ် ပ" ၉၀ ၉"

ထည့် မဆိုသော်လည်း သမ္မဒါန် ထင်ရှား ပေါ်လွင်သဖြင့်
ထည့်မဆိုခြင်း ဖြစ်သည်ဟု သိရာ၏ဟူ၏၁။

ကထိန်သက်နှံးသံယိုကဖြစ်ပုံ

ပရိဝါပါဠိတော်၌ "ကံထိန်သော ကေံ မူလံ သံယော-ကထိန်၏ အရင်းမူလသည် သံယောဇဉာဏ် တစ်ပါးဖြစ်သည်ဟု လာရှိ၍ သံယောဇဉာဏ်တော် ရှိမှသာလျှင် ကထိန် ဖြစ်သည်၊ သံယောဇဉာဏ်မရှိလျှင် ကထိန်မဖြစ်၊ သို့ဖြစ်၍ ကထိန်သက်နှံးသည် သံယောဇဉာဏ်အား လွှဲဒါန်းသည် ဟူ၏၊ ကထိန်လျှော်ဆက်နှံး အလှူသည် အသင်္ခတာနှင်ဂတ စာတုဒ္ဒိသ သံယိုကဖြစ်ဆည်၊ ဝါ-ကထိန်သက်နှံး သံယိုက ဖြစ်သည်ဟူ၏။

တစ်နည်း ကထိန်သက်နှံး သံယိုကဖြစ်ပုံ မှတ်သားဖွယ်

ပရိဝါ ပါဠိတော်၌ပင် - သဒေ သံယံသု ကထိန ဒုသံ ဥပ္ပန္နံ ဟောတိ-သံဃေန ကထံ ပဋိပဿိတဗ္ဗံ-သံယောဇဉာဏ်အား ကထိန်လျှော်ပုဆိုး (ကထိန်လျှော်အဝတ် ကထိန်လျှော်သက်နှံး) ဖြစ်ပေါ်လာလျှင် သံယောဇဉာဏ်သည် ဘယ်သို့ ကျင့်ရမည်နည်း၊ ဘယ်သို့ ဆောင်ရွက်ရမည်နည်း၊ ဘယ်သို့ပြုလုပ်ရမည်နည်း ဟူသော ကထေတုကမ္မတာ ပုစ္ဆာ၏ အဖြေဖြစ်၌-

---

၁။ ဝိနယလက်ဝရဋ္ဌီကာ။ ၂။ ဒု၄-ဘြဲ့။
၂။ ဝိ၊ ၅။ ၃၀၆။

သံယောနှုံ ဥတ္တိ ဒုတိယ ကမ္မဗန္ဓ ကထိနတ္ထာရဏသဲ ဘိက္ခု နော ဒါဘဗ္ဗံ - သံဃာတေန်းသည် ဥတ်လျှက် နှစ်ကြိမ်မြောက် ရှိသော ဝိနည်းကံဖြင့် (ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့်) ကထိန် ခင်းခြင်းကို ထိုက်သော ရဟန်းအား ပေးရာသည်ဟု လာရှိ သည်။

သို့ဖြစ်ရာ ပရိဝါပါဠိတော်၌ "သံဃာ ကထိနဒုသံ ဥပ္ပန္နံ ဟောတု" ပါဌ်ဖြင့် ဟုထိန်ရှာသကဲ့သို့ သံဃာတော်အား လွှဲခါန်းရပုံ ဂါထာနိဿယကိုနှုံး သံယိုက ဖြစ်ကာပုံကို ဘုရားဇီနော် ဟောတော်မူသည်။

တစ်နည်း ဟထိန်သက်နှုံး သံသိကဖြစ်ပုံ ပုဒ်သားဖွယ်

သုကာလ ဝေ ဘာန္ဒ သံဃာ၊ ဥဒဲ သံဃာ ကထိန ဒုသံ ဥပ္ပန်ံ ယဒိ သံဃာ ပတ္တကလ္လံ သံဃာ ကွံ ကထိန ဒုသံ ဥတ္တန္နာမယာတိကွုနှာ ဟောတိ ကတ်နံ အာတ္တဆိုကဲ့။

ဤ၌ သံဃာဟူသော ပါဌ်ဖြင့် ဂဏိန်းကဲဆောင် လေးပါး လေးပါးထက် လွန်သော စတုဝဂ္ဂသံဃာ၊ ပဉ္စဝဂ္ဂသံဃာ အစရှိသော ကမ္မကာရကာ သံဃာတော်ကို ပြုတော်မူသည်။

ဤ သံဃာ ကထိန ဒုသံ ဥပ္ပန်ံတာသာ ပါဌ်ဖြင့် သံဃာ ဟူသော ပါဌ်ဖြင့် ကထိနခန်းကို ဆုံးသော

၁။ ဒီ။ ဂ။ ဥပ္ပာ

၂။ ဒီ။ ဂ။ ဥဒ္ဒါ (ဒီဃဿ ပကတိဒီဃံ)

ဒါတော့မစတ္ထု ပဋိဂ္ဂါဟက သံဃာစတော်ကို ပြသည်၊ သို့ပြစ်၍ ကထိန်သင်္ကန်းသည် သံဃာတော်အား လှူဒါန်းသော သံဃိက သင်္ကန်း ကောင်စစ် ဖြစ်လေသည်။

တစ်နည်း ကထိန်သင်္ကန်း သံဃိကဖြစ်ပုံ ပုတ်သားဖွယ်

တသွာ ပရိနိဋ္ဌိတ ပုဗ္ဗကရဏကမ္မော ဇစ ဒါယကော သံဃဿ ဒေတိ သမ္ပဋိစ္ဆိတ္တာ ကမ္မဝါစာယ ဒါတဗ္ဗံ-ဒါယကာကချုပ်ဆိုးမှု ကိစ္စပြီးပြီးသော ကထိန်လျှာသင်္ကန်းကို သံဃာတော်အား လှူခဲ့ပါမူ ခံယူပြီး ကမ္မဝါစာဖြင့် ပေးအပ်၏ ဟူ၍ ဝဇိရဗုဒ္ဓိဋီကာ၌ ဒါယကော သံဃဿ ဒေတိ ဟု လာရှိ၍ ကထိန်သင်္ကန်းသည် သံဃိက ကောန် ဖြစ်ကြောင်း သိသာ ထင်ရှားလေသည်။

တစ်နည်း ကထိန်သင်္ကန်း သံဃိကဖြစ်ပုံ မှတ်သားဖွယ်

သီဟိုဠ်ကျွန်း (သီရိလင်္ကာ) ၌ သာသနာ သက္ကရာဇ် ၂၀၁၄-ခုနှစ်မှ ၂၀၂၃-ခုနှစ်အထိ "ကလိကာလာဒီသာဟိစ္စ သဗ္ဗညူ ပဂ္ဂါတ" ဘွဲ့မည် နာမံနှင့် ကျော်စောသော သတ္တမ ဘုဝနက မင်းကြီးသည် ဇယဝဟုန်မြို့၌ နှစ်၍ မင်းပြုတော်မူသည်၊ ယင်းသတ္တမဘုဝနက မင်းကြီးက မြတ်သော သံဃာ

တော် အရှင်မြတ် အာဒေပါဒိုးအား ကထိန်သင်္ကန်း မျှားစွာ လှူဒါန်းပါခြင်း-

ဒေဝ ဓမ္မံ ဘဂုဝါဓရ၊ ဗဟူနိ ကထိနာနိသံသော။
မဟာသံဃဿ ဒတ္ဝာန-မဟာပုညံ ဝိဝဒုယိ။[၁]

ဟု မဟာဝံသ၌ ပေါ်ပြလေသည်။

ဤ၌ မဟာသံဃဿ ဒတ္ဝာန ဓဇာဂ်၍ ကထိန်သင်္ကန်း သံယိုက (ဆဝဂတာနဝဂတ စာတုဒ္ဒိသ သံယိုက) ဖြစ်ကြောင်းသိသာလေသည်၊ သို့ဖြစ်၍ ကထိန်သင်္ကန်း၏ သံယိုက ဖြစ်ကြောင်း ယုံမှားမဲ့ နှုတ်ထွက်၏။

တစ်နည်း-ကထိန်သင်္ကန်း သံယိုကဖြစ်ခြင်း မှတ်သားဖွယ်

တစ်ဖန် ယင်း မဟာဝံသဋ္ဌပင် ယင်း သဘ္ဘမဘုဝနက ဗာဟုမင်း၏ ကုသိုလ်မျိုးစုံပြုခန်း-

ဆပ္ပိသတိ မဟဋ္ဌာနိ- ကထိနာနိ မဟာယဇေသာ။
ဘိက္ခုသံဃဿ ဒတ္ဝာန- မဟာပုဉ္ဉံ ကာရယိ။
ဒေဝ ဓမ္မံ ဒဒန္တောသော- တတ္ထဲ တတ္ထ စရုံပုန။
အဒါသိ ဘိက္ခု သံဃဿ- ဆသဋ္ဌိ ကထိနာနိစ။[၂]

၁။ မဟာဝံသ ၈၃၊ ၁၀၈၊
၂။ မဟာဝံသ ၈၄။ ၄၇-၄၈။

ဟူသော ဂါထာမျှင်၌ ဘိက္ခု သံဃာ ဒဟ္ဓာနု အာဒါသိ ဘိက္ခု သံဃာတို့ကို ထောက်၍ ကထိန်သင်္ကန်း၏ သံသိက (အာဂတာနာဂတ သံသိက) ပြစ်ဖြောင်း စွဲမြဲဖွာမှတ်ကျေး ဇူး ရှာ၏။

ကထိန်သင်္ကန်း၏ အခြံအရံများ

ဒကာ ဒကာမ တို့သည် ကထိန်သင်္ကန်း လှူဒါန်းသော အခါ တိစီဝရိဘ်သင်္ကန်း သုံးထည်ဖို့ဖြစ်ဖေ သင်းပိုင် ကေသီ ၂-ထည်ကို ဖြစ်ဖေ လှူဒါန်းတတ်ကြသည်းတစ်ချို့ ကထိန် ဒကာ, ဒကာမတို့ ထိုးဖိုပ်, ဖောင်, မျက်နှာသုတ်ပဝါ, သေတ္တာ, ဓာတ်ဘူး, တိုင်ကပ်နှာရီ, စားပွဲဘုင်နှာရီ စသည် ဖြင့် ဒါဏဗဟုတို့ စုံလင်စွာလှူဒါန်းကြသည်၊ တစ်ချို့ ဖေသ မှာ ဥတ်မကြီး သီးမျိုးစုံ ပဖေသဒပင် သီး၍ ထောင် ဖေသင်းတန် လှူဒါန်းကြသည်၊ ရန်ကုန် ဃထိန်ကြီးတစ်ခုဟု ဥတ်မကြီး သင်္ကန်းဒိုစုံပေါင်း ၂၅-စုံပါဝင်သည်ဟု ကြားဖူး သည်၊ မည်မျှပင် များမှာ လှူဒါန်းဖစ်သော်မှ ကထိန်ခင်းရန် မှာ သင်္ကန်းတစ်ထည်သာဖြစ်၍ ကျန်ဖေသာ သင်္ကန်း စဖေသာ ပစ္စည်း ဝတ္ထုများမှာ ကထိန်၏ အခြားရံသာ ဖြစ်သည်၊ ထို အခြံအရံ ပစ္စည်းများပါ ဖေလှူခံ လိုပါက "မယ် ဘန္တေ သပရိစာရံ ကမ် ကထိနစီဝရံ သံဃဿ ဒဒမ ကထိနံ အတ္ထရိတုံ" ဟု ဆို၍ လှူဒါန်းထု၏ဝင်စီဝရိဘ်သင်္ကန်းကိုလှူဒါန်းပါ

က သက်နှံးကြီးကို ထထိန်ခင်းရှိ ကျန်သက်နှံး ဒွိစုံကို ကထိန် ဒကာက အခြံအရံဒွိစုံကို ဂ.လိုံခံသော မထေရ်အား လှူဒါန်းပါသည်။ အစကတည်း က ရည်ရွယ်ခဲ့သော ဒကာသည် စသည်ဖြင့် လျှောက်ထားပါက ကထိန်ခံသော မထေရ် ရပါသည်။

ယထာ ဒါယကာ စဒန္တိ ထထာ ပဋိပဇ်တာမဲ့" နှင့် အညီ ကြွက်ရမည်ဖြစ်တဲ့က် ကထိန် ဒကာက အခြံအရံ ဝတ္ထုများ သံဃာတော်အား လှူပါကြောင်းလျှောက်လျှင် သံဃာတော်များ ဝေဖန် ယူရသည်။

သံဃဿဟု တိုဂေါ်လည်.
အာဂတစာနာဂတ စာတုဒ္ဒိသ သံဃာယူရ

သံဃဿ ဟု သမည် ဆိုသော်လည်း အာဂတာနာဂတ စာတုဒ္ဒိသ သံဃာကို ယူရသည်။

ဒါနံဝတ္ထုအလှူခံသောဒေနုရာဒ်
အာဂတာနာဂတစာတုဒ္ဒိသသံဃာကိုယူရ

ပါဠိ, အဋ္ဌကထာ, ဋီကာမျာဒ်၌ သံဃာတော်နှင့် စပ်၍ လာရာဝယ် သံဃာ, သံဃံ, သံဃဿန, သံဃဿ စသည်ဒ်

၁။ အာဂတာနာဂတာနံ သန္တကဘ္ဂာဂိ စာတုဒ္ဒိသဿ သံဃဿ ဒေမာတိ ဒိန္နဘ္ဂာ ဝုတ္တံ ဒေံ အဝတ္ဂာ သံဃဿ, ဒေဒိတိ ဒိန္နဘ္ဂ် တာဒိသမေဝ၊ ဝဇိရဗုဒ္ဓိဋီကာ ၁၀၃။

သံဃာတော်တို့သည် ဒကိုဏ်ဟောယျသံဃာ သမ္မုတိသံဃာ, ပရမတ္ထသံဃာ, ဗုဒ္ဓပုဗ္ဗဓသံဃာ စသည်တွင် တစ်မျိုးမျိုးသော သံဃာ, စာတုဒ္ဒိသ သံဃာ, ဘိက္ခုသံဃာ, ဘိက္ခုနီ သံဃာတို့သာ လာရှိသည်၊ ဒါနဝတ္ထုကို အလှူခံသောနေရာ သံဃာအရှေ့အာဂတာနာဂတ စာတုဒ္ဒိသ သံဃာကို ယူရသည်ကို လေးလေးစားစားမှတ်ယူရာ၏။

ဒါနဝတ္ထုကို အလှူခံသော သံဃာအရာ၌ သံဃာအားတို့ အာရာမိက သံဃာဝါ, သမ္မုခီဘူတ သံဃာဝါ, သီမဋ္ဌက သဝါ အဖွင့်မရှိခဲ့။

အာရာမိက သံဃိကစသည်

တစ်ချို့. ဒကာ ဒကာမများ ဆန်, ဆီ, ဆား, ထန်းလျက်, ကြက်သွန် စသည်များ ကျောင်းတိုက်များသို့ ယူဆောင်လာကြပြီး ဤပစ္စည်များ ဤကျောင်းတိုက် သံဃာတော်အား လှူပါဘုရား၌ လှတော်ကြသည်၊ တစ်ချို့က သံဃာတော်များ ပင့်ဖိတ်ပြီး မျက်ခမှာက် သံဃာတော်အား လှူပါ၏၊ တချို့ ရဟန်း ဒကာ ဒကာမများ ဤပစ္စည်းဝတ္ထုများ သီမာအတွင်းရှိ သံဃာတော်အား လှူပါ၏၊ ဤပစ္စည်းများ ပခုက္ကူမြို့ရှိ သံဃာတော်အား လှူပါ၏၊ မန္တလေးမြို့၌သီတင်းသုံးသော သံဃာတော်အားလှူပါ၏၊ ရန်ကုန်မြို့၌ သီတင်းသုံးသော သံဃာတော်အား လှူပါ၏၊ စသည်ဖြင့် လှူလျှင်လည်း

အာဂတာနာဂတ စာတုဒ္ဒိသ သံဃိက [illegible] မဖြစ်ခဲ့ချေ၊ သံဃာ အားလုံး မနှံ့ခဲ့ချေ၊ ကထိန်ဆင်္ကန်းကား ဝဿိကပဉ္စင်္ဂဒိုက်မှ ဆုပိန့်တော်မူသည့်တိုင်း ဒါန ဇတ္ထု လွှဒါန်းထုံးစံယ် သံဃဿ ပါလာသမျှ အာဂတာနာဂတ စာတုဒ္ဒိသ သံဃာကို အာဝိုင် အမှာ ယူရာ၏။

ဆောင်။ ။ကထိန် မည်ရာ, မြတ်ဒါနကား, အာဂတာနာဂတ, စာတုဒ္ဒိသ, သံဃိကစစ်, ကေန်ပြစ်သဖြင့် ထူးတင့် အကျိုးရပါသတည်း။

ကထိန်သင်္ကန်း အလှူခံထိုက်သောအင်္ဂါ

၁။ ကထိန်သင်္ကန်း ဖြစ်ခပါလာဆ ခကျောင်းကိုရှိ ခကျိုး ပါပြတ် ဝါမကပ်ခြင်းမှ ကင်းလွတ်ခသော ပုဂ္ဂိမဝါသား ရဟန်းဖြစ်ခြင်း။

၂။ ခဆုးခမြ, ဟောင်းနွမ်းခသော သင်္ကန်းရှိခြင်း သို့မဟုတ် သိတင်းကြီး ရဟန်းဖြစ်ခြင်း။

၃။ ပဂ္ဂိဝါပါဠိတော်လာ ပုဗ္ဗကရဏံ ဇာနာတိစသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံခြင်း။

၄။ ဓုဘင်္ဂတိစီဝရိတ်ဆောင်ခြင်း သို့မဟုတ် ဝိနည်းဘိစီဝရိတ်ဆောင်ခြင်း အားဖြင့် ဤအင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ရဟန်းသည်သာ ကထိန်သင်္ကန်းကို အလှူခံခြင်းငှာထိုက်သည်။

သို့ဖြစ်၍ ပုရိမ ဝါကပ်ပြီးမှ သီတင်းကျွတ်လပြည့် ပထမ ပဝါရဏာဒေနှင့် ပဝါရဏာ ပြုကြသော ရဟန်းများသည် ကထိန်ခင်းခြင်းကို ရပါသည်၊ ဝါကျိုး ဝါပြတ် ပစ္ဆိမ ဝါကပ် ဖြစ်သော ရဟန်းများ၊ ကထိန်ခင်းခြင်းကို မရကြပါ၊ အခြား တစ်ပါး၊ ကျောင်း၌ ဝါဆိုသော ရဟန်းများလည်း ကထိန်ခင်းခြင်းဌာ မရထိုက်ဟု သိရာ၏၊ ပုရိမဇါသားပင် ဖြစ်သော်လည်း၊ မိမိ ဝါကျွတ်ရာ ကျောင်းတိုက်၌သာ ကထိန်ခင်းရ ရသည်၊ အခြားကျောင်းတိုက်၌ မခင်းရ။

အနည်းဆုံးသံဃာငါးပါးရှိမှ ကထိန်ခင်းဖြစ်

ကထိန်ခင်းခြင်းကို ပုရိမ ဝါကျွတ်သော ရဟန်းများသာ ဘုရားရှင် ခွင့်ပြုတော်မူရာ အနည်းဆုံး ရဟန်းငါးပါးရှိမှ အပ်သည်၊ ကျောင်းတိုက် တစ်တိုက်မှာ ရဟန်းလေးပါး ဝါဆို၍ ပုရိမဝါကျွတ် ပဝါရဏာ ပြုပြီးလျှင် အခြားက ပစ္ဆိမဝါသား ထစ်ပါး သို့မဟုတ် အခြား ကျောင်းတစ်ပါး ပင့်၍ ငါးပါးပြည့်အောင်ပြု၍ ကထိန်ခင်းရာ၏၊ သုံးပါး ပုရိမ် ဝါကပ်လျှင် အခြားက နှစ်ပါး၊ နှစ်ပါး ဝါကပ်လျှင် အခြားက သုံးပါး, တစ်ပါး ဝါကပ်လျှင် အခြားက လေးပါးပင့်၍ ကထိန်ခင်းရာ၏၊ ပစ္ဆိမ ဝါသားများ အခြား

ဓကျောင်းတိုက်မှ ပင့်သော ရဟန်းများ ကထိန် အာနိသင် ငါးပါး မရနိုင်။[၁]

ကိုဇ္ဈန်စပါး

ခံငွေး ပေး နှင်း စွန့် ထိုးခြင်း တင် ခင်း နုမောဒါ၂ ဟူသည်နှင့်အညီ-

၁။ ကထိန်သင်္ကန်း အလှူခံမှူ။

၂။ သံ့ဃာတော်များ ကထိန်ခင်းထိုက်သော ပုဂ္ဂိုလ်ကို ငွေးချယ်မှူ။

၃။ သိမ်တွင်း သွားလျှ ထိုကထိန်ခင်းထိုက်သော ရဟန်း ဆာ ကထိန်သင်္ကန်းပေးမှူ။

၄။ တိစီဝရိတ် အဓိဋ္ဌာန်တင်သော သင်္ကန်းဟောင်းကို ပစ္စုဒ္ဓါရ်ပြု၍ အဓိဋ္ဌာန်စွန့်မှူ။

၅။ ခင်းမည့် သကန်းသစ်ကို ကပ္ပဗိန္ဒုထိုးမှူ။

၆။ အမည်ဖြင့် အဓိဋ္ဌာန် တင်မှူ။

၇။ နှုတ်မြွက်၍ ခင်းမှူ။

၁။ ကဒါ၊ ၁၅၂-ကြည့်။

၂။ ဝိနယသံဒိဝ်လက်ဂ၊

၈။ အနုမောဒနာ တိုက်တွန်းခြင်း ကြောင်း ပုရိမ ဝါကျတွဲ သံဃာတော်များက အနုမောဒနာပြုမှုအားဖြင့် အစဉ် အတိုင်းပြုရန် အင်္ဂါရှစ်ပါးကို အစဉ်အတိုင်း ပြုလုပ် ဆောင်ရွက်ရသည်။

ပြုပုံအစီအရင်

ပြုပုံအစီအရင်ကား ကထိန်ဒါနပြုလိုသော ဒါယကာသည် ဝါဆိုဦးဓလောက်ကပင် မိမိကြည်ညိုသည့် ကျောင်းတိုက်၌ ဝါကျွတ်လျှင် အရှင်ဘုရားကျောင်းတိုက်မှာ ကထိနဒါက်န်း ကပ်လှူ လိုပါသည်ဟု လျှောက်ထားရန် သင့်သည်။

ထိုးကျောင်းတိုက်တွင်း သံဃာ့ထေရ်ကြီးများက ဝါဘွင်း ကာလကပင် ကထိန် ခင်းထိုက်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ ဆောင် ကြောင့်ကြစိုက်မှု ဝိနည်း တိစီဝရိတ်ခဆောင်မှု ပြုရ မည်၊ ဒါယကာများမှာလည်း သံဃိက အလှူစစ်မှု အကျိုး ကြီးသည်ဖြစ်၍ သံဃိက အလှူမြောက်လေအောင် ပဋိဂ္ဂါလိက် မရှည်စူးကဲ့ သာသနာတော်တွင်း ထွက်ဆဲ ထွက်ပြီးထွက် မည့် မဒရမတွက်နိုင်အောင် မြားခမြှောင်လှသော သံဃာ တော်ကို ချည်စူးရသည်။

သီတင်းကျွတ် လပြည့်ကျော် ၁-ရက်နေ့မှ စ၍ တန်ဆောင် မုန်းလပြည့်အတွင်း ဆင့်လျှောသောနေ့၌ သက်နှံးသုံးထည့်

တို့တွင် တစ်ထည်ထည်ကို ယူဆောင်၍ "ဤမံ ကထိန စီဝရံ သံဃဿ ဒေမ ဤမိနာ ကထိနံ စီဝရေန ကထိနံ အတ္ထရထ၊" စသည်ဖြင့် ဆို၍ လှူဒါန်းရသည်။၂

ကထိန်မည်သည် နှဲလွန်ခြင်းငှာ မဇာပ်သဖြင့် ထို့နေ့မှာပင် ကျောင်းတိုက်ရှိ သံဃာကုန် စည်းဝေး၍ ကထိန်ခင်း ထိုက်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းကို ရွေးရသည်၊ ရွေးချယ်ပြီး လေးပါး ငါးပါးသော သံဃာက ကထိန်ခင်းရမည့် ရဟန်း၊ ကထိန်သင်္ကန်းကို ယူဆောင်၍ ခရွာသိမ်ကြွ၍ ကမ္မဝါစာ ဖတ်ကြား၍ ထိုရဟန်းအား ပေး ရသည်၊ ကထိန်လျာ မဟုတ် သင်္ကန်း ဖြစ်ပြီး၍၊ ဤခံ သံဃာ ကထိနစီဝရံဟုဖတ်ထု၏၊ ယင်းသို့ ဥတ် ကမ္မဝါစာဖြင့်ပေးရသည်ကို စွဲ၍ ဥတ်ကထိန်ဟုခေါ်သည်၊

ဥတ်ကမ္မဝါစာဆုံးလျှင် ထိုရဟန်းက ခင်းလိုရာ ဌာနသို့ ထိုဆင်္ဂန်းကို ယူခဲ့၍ ထိုနေရာ၌ပင် ဆောင့်ကြောင့် ထိုင်၍ ဥတ်သင်္ဃန်းဆည် ဒုကူဋ္ဌသင်္ကန်း ဖြစ်သျှင် ဒုကုဋ္ဌသင်္ကန်း ဟောင်းကို ဤမံ သံဃာဋိံ ဒေစ္ဆာဒုရာမိဟ ဆို၍ အဓိဋ္ဌာန်စွန့်

၁၊ သင်္ကန်းအင်္ဂါသူက တစ်ယောဇဉ်တည်း ဖြစ်လျှင် ဤမံ ကထိန စီဝရံ သံဃဿဒဿိ စသည်ဖြင့် ဆိုရောဘဲ။
၂၊ ကထိန်ခြောက်ဆောင် လှူစဉ်နှုန်းနည်းပြန်ပြည့်

ကေသီဖြစ်လျှင် ဣမံ ဥတ္တရာသက်ံ ပစ္စုဒ္ဓရာမိဟုဆို၍ အဓိဋ္ဌာန်စွန့်, သင်းပိုင်ဖြစ်လျှင် ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိဟု ဆို၍ အဓိဋ္ဌာန် စွန့်ရာ၏။

ၵင်းနောက် ဥတ်သက််နး ကပ္ပဗိန္ဒုထိုးရာ၏၊ ၵင်းနောက် ဥတ်သ်နး်ကို ဒုကဋ္ဌသက််နးကြီး ဖြစ်လျှင် ဣမံ သံဃာဋိံ အဓိဋ္ဌာန်မိဟုဆို၍ အဓိဋ္ဌာန်တင်၊ ကေသီဖြစ်လျှင် ဣမံ ဥတ္တရာသက်ံ အဓိဋ္ဌာမိ၊ သင်းပိုင် ဖြစ်လျှင် ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ ဟု ဆို၍ အဓိဋ္ဌာန်တင်ရာ၏။

ၵင်းနောက် ထိုသက််နးကို ကိုင်၍ ဒုကဋ္ဌသ််နး ဖြစ်ခဲ့လျှင် "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထာရာမိ" ဟု သုံးကြိမ်ဆို၍ ခင်းရာ၏ ကေသီ ဖြစ်ခဲ့သော် "ဣမိနာ ဥတ္တရာသင်္ကန်ေန ကထိနံ အတ္ထာရာမိ"၂ ဟူ၍ သုံးကြိမ် ဆိုရာ၏။

သင်းပိုင် ဖြစ်လျှင် "ဣမိနာ အန္တရဝါသကေန ကထိနံ အတ္ထာရာမိ"၃ ဟု သုံးကြိမ် ဆို၍ ခင်းရာ၏။

၁။ ဣမာယ သံဃာဋိယာ-ဤဒုကဋ္ဌသက််နးဖြင့်၊ ကထိနံ-ကထိန်ကို၊ အတ္ထာရာမိ-ခင်းပါ၏

၂။ ဣမိနာ ဥတ္တရာသင်္ကန်ေန-ဤ ကေသီ သက််နးဖြင့်၊ ကထိနံ-ကထိန်ကို၊ အတ္ထာရာမိ-ခင်းပါ၏။

၃။ ဣမိနာအန္တရဝါသကေန-ဤသင်းပိုင်ဖြင့်၊ ကထိနံ-ကထိန်ကို၊ အတ္ထာရာမိ-ခင်းပါ၏၊

ကျောင်းတိုက်အတွင်းခင်းနိုင်

ပုရိမဝါ ကပ်ခဲ့သော ကျောင်းတိုက်အတွင်း သိမ်အပြင်မှာဖြစ်စေ, ကျောင်းပေါ်မှာ ဖြစ်ခဲ့, တန်ဆောင်းမဏ္ဍပ်ပရိသတ်အလယ်မှာဖြစ်စေ ခင်းနိုင်သည်၊ ခင်းပြီးလျှင် သံဃာတော်များ အနုမောဒနာပြုရန် ''အတ္ထတံ အာဝုသော သံဃသ္သ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒထ'' ဟု ၃-ခေါက်ဆို၍ ပန်ကြားရသည် တိုက်တွန်းရသည်။

သံဃာများက ''အတ္ထတံ ဘန္တေ သံဃဿ ကထိနံ ဓမ္မိကော ကထိနတ္ထာရော အနုမောဒါမ'' ဟု ၃-ကြိမ်ဆို၍ အနုမောဒနာပြုရသည်၊

ထိုကျောင်းတိုက်မှာ ပုရိမ ဝါ ချောမောစွာ ကျတ်ခဲ့သော ရဟန်းမှ ပါဝင်ရသည်၊ အနုမောဒနာပြုသော ရဟန်းများ ကထိန်ခင်းခြင်း မြောက်သည်၊ အောက်ပါ ကထိန်အာနိသင် ငါးပါး ရတော်မူကြသည်။

ကထိန် အာနိသင်ငါးပါး

၁။ အနာမန္တစာရ-ဒါယကာက ရဟန်းများအား မအပ်စပ်သော အသုံး အနှုန်းဖြင့် ဆုံမ်းဖိတ်ခေသော်လည်း အနီးရှိ ရဟန်းများကို မပန်ကြားမေးမြန်းဘိဘဲ ရွာတွင်းသို့ သွားနိုင်

ခြင်း၊ စာရိတ္တ, သိက္ခာပုဒ်,ဥပဒေတော်အာရုံ ပါဠိတော် အာပတ်မဆင့်တော့ခေါ်။

၂။ ဗာသမာဒါနစာရ - တိစီဝရိုက် အဓိဋ္ဌာန် ထင်သော သင်္ကန်းကို မယူဆောင်ဘဲ သွားလိုရာ လှည့်လည် သွားလာနှင်ခြင်း, ထိုသင်္ကန်းနှင့် ညဉ့်ကြွေးခြင်း၍ နေနိုင်ခြင်း, ဒုတိယကထိနသိက္ခာပုဒ် ၂ အာရုံ နိဿဂ်ပါစိတ် အာပတ် မဆင့်ခေါ်။

၃။ ယာဝဒတ္ထစီဝရ-ရရသမျှ သင်္ကန်းများကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ,ငါးလဒုတ်ခင်း အလိုရှိသလောက် ထားရှိသုံးဆောင်နိုင်ခြင်း၊ ပထမ ကထိန သိက္ခာပုဒ်၊ ၃ အာရုံ ဆယ်ရက်ထက် ကျော်လွန်ဆောင်လည်း နိဿဂ်ပါစိတ် အာပတ် မသင့်နိုင်။

၄။ ဂဏဘောဇန-မအပ်စပ်သော တောင်းခံခြင်း ပင့်ဖိတ်ခြင်းမျိုးဖြင့် တောင်းခံ ပင့်ဖိတ် အပ်သော ဆွမ်းကိုပင်လျှင် ၄-ပါး ၄-ပါးထက် အလွန် စုပေါင်း ခံယူနိုင်ခြင်း, သောဇနဂဏ် ဒုတိယ သိက္ခာပုဒ် ၄ အာရုံ ပါစိတ်အာပတ် မသင့်ခေါ်။

၅။ ယော စတ္တစီဝရုပ္ပဒ - ကထိန်ခင်းရာ ကျောင်းတိုက်၌ ဖြစ်ပေါ် ပေါ်လာသမျှ သင်္ကန်းတို့ကို ကထိန်ခင်း

သော ရဟန်းတို့သည် သုံးစွဲနိုင်ခြင်းအားဖြင့် ကထိန်အာနိသင်ငါးပါးတို့ ဖြစ်ကုန်၏။[1]

ဆောင်။ ။အာနုဘန္တိ, အာသဗ, ယာဝ, ဂဏ, ယောတတ္ထ, ပဠ, အာနိသင်။

(ဤကား ဆောင်ပုဒ် အကျဉ်တည်း)

အာနာမန္တစာရ။ ။ရဟန်းတော်မြတ်, မအပ်စပ်ငြား, စကား များဖြင့်, ဆွမ်းဖိတ်ကြားလည်း, နားရှိရဟန်းများ, မကြားမသန်, ဘူးနိုင်ပြန်, မှတ်မှန်, အာနာမန္တစာရတည်း။

အာသမာဒါနစာရ။ ။ဆိုင်ရာနေ့မှ, စိုင်ဒနဖြင့် ကံဆွဲပြီးဖြစ်, စီသုံးဆဲထုန်၌, ကင်းကွေအလွတ်, ခနပါတုံဘိ, ပြစ်မရှိ, သိလေ အာသမာဒါနစာရပေတည်း။

ယာဝ ဒတ္ထ စီဝရ။ ။အဓိဋ္ဌာန, ဝိကပ္ပန, ပြုဆိုက်သမျှ, စီဝရကို, မပြုလိုက, မပြုရတဲ့, ငါလေးဘွင်း ထားနိုင်ခြင်း, ကျိုးရင်း ယာဝ ဒတ္ထ စီဝရပေတည်း။

၁။ ဝိ။ ၁။ ၁၅၁း ဗိ။ ဋ္ဌ။ ၄း ၃၀၀။

ဂဏဘောဇန ။ ။ဝစီဝိညာဉ်, မအပ်နာမန်, ကြောင်းနှစ်တန်ကြောင့်, ဂိုဏ်းထံ ရောက်လာ, ဘေးဇနာကို, စားပါလျက်ပင့်, ပြစ်မထင့်, ကျိုးအင် ဂဏ ဘောဇနပေတည်း။

ယော စ တတ္တ စီဝရပ္ပဒါဒ ကထိန်ခင်းသည့် တိုက်တွင်း ဖြစ်လာ, သံဃာပိုဉ်ထ, စီဝရပင်, ဖြစ်လေလျှင်လည်း, နိသင်မရ, ကြွင်းသံဃာအား ပေးငြားမပြု, ယူနိုင်မှု,မှတ်ရှု ယောစ တတ္ထ စီဝရပ္ပဒါဒပတည်း။

(ဤကား အကျယ်ဆောင်ပုဒ်များတည်း။)

နှစ်ဦး နှစ်ဝ အကျိုးရ

ဘုရားရှင် ကထိန် ခွင့်ပြုတော်မူသဖြင့် ကထိန်ခံ, ကထိန်ခင်း အနုမောဒနာပြုသော ရဟန်းများမှာ ဓဖဒ်ပြခဲ့ပြီးသော အကျိုးအာနိသင် ငါးပါးရသလို ကထိန်သင်္ကန်း လှူဒါန်းသော ကထိန်ဒါယကာ ဒါယိကာမများလည်း မရေမတွက်နိုင် မနှိုင်းယှဉ်နိုင်အောင် မြားမြောက်လှသော အကျိုးတွေ ရနိုင်သည်။

ဒကွိဏ ဝိဘင်္သုတ် အဆိုအမြွက်

မိဏေ့းတော် ဂေါတမိက ကိုယ်တိုင်ငင် ကိုယ်တိုင် ရက်၍ ချုပ်လုပ်စီမံအပ်သော သင်္ကန်းတစ်စုံကို ဘုရားရှင်အား လှူရာ ဘုရားရှင်က အို မိဏေ့းတော် ဂေါတမီ သင်သာဓေတာ်အား လှူပါ၊ သင်ကား လှူခဲ့လျှင် ငါဘုရားကိုလည်း ပူဇော်ရာရောက် သင်သာတော်ကိုလည်း ပူဇော်ရာ ရောက်ပေသည်ဟု မိန့်ကြားတော်မူသည်။[၁]

သီလမရှိသော ဒုဿီလရဟန်းများအား သင်္ဃာတော်ကို ရည်စူးပြီးလှူလျှင် သင်္ဃိကအလှူလို အသခြေ်ယှု ကပ်ပေမယှု— မဂရတ္ဂက်နိုင် ပမှန်းဆနိုင်အောင် များမြောင်စွာ ရလှုသော အကျိုးအာနိသင်တွေ့ ရသည်ဟူ၏။[၂]

ကထိန် ဒါယကာများ ရသောအာကျိုးများ

ကထိန်ခံ ကထိန်ခင်းသောရဟန်း, အနုမောဒနာပြုသော ရဟန်းအား ဒါယကာက မအပ်စပ်သော အသုံးအနှုန်းဖြင့် ဆူမ်းဖိတ်သော်လည်း အနီးရှိ ရဟန်းများအား မပန်ကြားဘဲ လွတ်လွတ်လပ်လပ် ဆွားနိုင်သကဲ့သို့ ကထိန် ဒါယကာများ သူဌားလိုရာရာ အရပ်တကာကို လွတ်လပ်စွာသွားနိုင်ခြင်း အာကျိုးကို ရနိုင်လေသည်။

၁။ မ။ ၃း ၂၉၆၊

၂။ မ။ ၃။ ၂၉၉၊ (ဒကွိဏဝိဘင်္သုတ်)

